# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၁၅ ခုနှစ်၊ ဇွန် ၂ ရက်၊ အင်္ဂါနေ့ | အတွဲ [၅၄]၊ အမှတ် [၂၄၀]


## နိုင်ငံတော်သမ္မတဦးသိန်းစိန် အီတလီနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံသမ္မတ ဆာဂျီရို မတ်တာရီလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၉ ကော်လံ ၃* ✻

# အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ဖို့လိုအပ်မယ့်အခြေခံများကို မျက်ခြည်ပြတ်မခံဘဲ စဉ်းစားပြင်ဆင်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

(ဇွန်လ)

**မိဘပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မေလအတွင်း မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် ကျွန်တော်တို့အစိုးရတာဝန်ယူချိန်ကစလို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းတွေ အဆင့်ဆင့်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီပြုပြင်ပြောင်းလဲရေး သုံးခုဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေပြီး အပြန်အလှန်အမှီသဟဲပြုနေပါတယ်။

ကျွန်တော်တို့အစိုးရလက်ထက်မှာ အလေးထားဆောင်ရွက်လျက်ရှိတဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုရင် NCA လို့ခေါ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကနဦးသဘောတူညီချက်ကို ရရှိထားပြီးဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

> “မိမိတို့ လူ့အဖွဲ့အစည်းလို နိုင်ငံရေးပဋိပက္ခများနဲ့ လက်နက်ကိုင်ပဋိပက္ခများကနေ ရရှိခဲ့တဲ့ခါးသီးတဲ့ အတွေ့အကြုံတွေကို အနာဂတ်မျိုးဆက်သစ်များထံ ဆိုးမွေများအနေနဲ့ လက်ဆင့်မကမ်းဘဲ မိမိတို့လက်ထက်မှာ သမိုင်းသင်ခန်းစာများကိုအခြေခံပြီး ကောင်းမွန်တဲ့ရည်မှန်းချက်များတည်ဆောက်ကြဖို့ အထူးပင်အရေးကြီး”

# မြန်မာနိုင်ငံရှိ ရထားလမ်း၊ လေယာဉ်ကွင်းစသည့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဟီတာချီလီမိတက်ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့အကြီးအကဲ၊ အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ဒါရိုက်တာ မစ္စတာတိုရှီအာကီဟီဂါရှိဟာရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိဟိဂုချိလည်း တက်ရောက်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ ဟီတာချီလီမိတက်ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့အကြီးအကဲ၊ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒါရိုက်တာ မစ္စတာတိုရှီအာကီဟီဂါရှိဟာရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ရထားလမ်း၊ လေယာဉ်ကွင်းစသည့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်နိုင်ရေး၊ လျှပ်စစ်ပစ္စည်း တပ်ဆင်ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံရေး ဆိုင်ရာများအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**


**ယနေ့ မာတိကာ**

မြေကမ္ဘာအလှမယ် ယှဉ်ပြိုင်ရန်အတွက် ဖိလစ်ပိုင်မယ်ကိုရွေး — စာ » ၄

မြို့ပတ်ရထားနှင့် ကားလမ်းဆုံဂိတ်များကို လျှောတံခါးများဖြင့် အစားထိုးမည် — စာ » ၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးစီမံချက်

ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလျက် မေ ၂၆ ရက်မှစတင်ကာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှဦးဆောင်ဦးရွက်ပြု၍ မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် အထူးစီမံချက်တစ်ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဤအထူးစီမံချက်ကို ''ယင်းမာ''ဟုအမည်ပေးထားပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိကြစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ စီမံချက်ကာလကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ သတ်မှတ်ပြီး စီမံချက်နယ်မြေများအဖြစ် ဇုန် (၁) မြန်မာနိုင်ငံအထက်ပိုင်းဒေသ၊ ဇုန် (၂) မြန်မာနိုင်ငံအောက်ပိုင်းဒေသ၊ ဇုန်(၃) ရှမ်းပြည်နယ်ဟူ၍ သတ်မှတ်ထားပါသည်။ စီမံချက်ပါလုပ်ငန်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ (MANA) စသည့် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

စီမံချက်လုပ်ငန်းများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆိုင်ရာ ဆိုင်းဘုတ်များ၊ ပိုစတာများဖြင့် ပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သက်ရောက်မှုရှိသည့် လူ့အသိုင်းအဝိုင်းအလွှာအသီးသီး၌ အသိပညာပေးဟောပြောခြင်း၊ One Stop Service ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကူးစက်တတ်သော HIV နှင့် အခြားသွေးမှ ကူးစက်တတ်သော ရောဂါပိုးများ အန္တရာယ်ကုသကာကွယ်ရေးဆိုင်ရာ လူထုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွှဲရောက်မှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်းရှိတောင်သူများအတွက် စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာသင်တန်းများပို့ချခြင်း၊ မျိုးများဖြန့်ဝေခြင်းစသည့် မူးယစ်ဆေးဝါးအန္တရာယ်လျော့ကျစေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ဤလုပ်ငန်းစီမံချက်ထိရောက်စွာဆောင်ရွက်နိုင်ရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူမှုကွန်ရက်များ၊ သတင်းမီဒီယာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# TVET Directory Website လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁**

ပြည်သူများအကြား နည်းပညာနှင့်သက်မွေးပညာရေးကွာဟချက်ကို နည်းပါးစေရန်အတွက် ဂျာမနီနိုင်ငံ German Development Cooperation (GIZ) မှ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနသို့ TVET Directory Website လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ GIZ မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

# အင်ဒိုနီးရှားရောက်မြန်မာရေလုပ်သား မိဘထံ ပြန်လည်အပ်နှံ

**မိတ္ထီလာ ဇွန် ၁**

မိတ္ထီလာမြို့နယ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဂေဟာရောက် မြန်မာရေလုပ်သားအား မိဘထံ ပြန်လည်အပ်နှံခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာဂေဟာရောက် မြန်မာရေလုပ်သား ဦးမြင့်ကျော် အသက် (၃၀ နှစ်)က ငွေးအိုင်အုပ်စုငွေးတောက်ကန်ကျေးရွာ နေသူသည် ထိုင်းနိုင်ငံသို့ တင်ပို့သည့် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်သည့် သင်္ဘောပေါ်တွင် ကုန်တင်ကုန်ချလုပ်ကိုင်ဆောင်ရွက်နေရာမှ ပီဂျီနားကျွန်းပေါ်သို့ ရောက်ရှိသည့်အထိ ကြုံတွေ့ရသည့် အခက်အခဲများနှင့် အဆိုပါကျွန်းမှ မြန်မာနိုင်ငံသံရုံးမှ ဦးအောင်ဆန်းဝင်း ဦးဆောင်သည့် အဖွဲ့များက လာရောက်ခေါ်ဆောင်ခဲ့သည်များကို တက်ရောက်လာသည့် မြို့နယ်အုပ်နှင့် တာဝန်ရှိသူများကို ပြန်လည်ပြောပြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိတို့မြန်မာနိုင်ငံတွင် လူတိုင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း၊ အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည်ဆိုလျှင် နည်းမှန်လမ်းမှန်ဖြင့် နိုင်ငံတော်၏ ခွင့်ပြုချက်ရယူ၍သွားသင့်ကြောင်း ပြောကြားခဲ့ပြီး မြန်မာရေလုပ်သား ဦးမြင့်ကျော်အား ငွေးတောက်ကန် ကျေးရွာနေ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့သည်။

ထို့နောက် မြန်မာရေလုပ်သား ဦးမြင့်ကျော်အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



# မြစိမ်းရောင် ကော်မတီဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ညောင်လေးပင် ဇွန် ၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မယ်ဇလီခင်ကျေးရွာ မြစိမ်းရောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု တွေ့ဆုံညှိနှိုင်းပွဲကို မေ ၂၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးတို့က မယ်ဇလီခင်ကျေးရွာ မြစိမ်းရောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေ စာရင်းဇယားမှတ်တမ်းများ ထားရှိမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

# မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဟောပြောဆွေးနွေး

**လဲချား ဇွန် ၁**

ရှမ်းပြည် (တောင်ပိုင်း) လဲချားမြို့နယ် ဟဲဆိုင်ကျေးရွာ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မေ ၂၈ ရက် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုလျော့နည်း ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြပြီး ပညာပေးဗီဒီယိုပြသခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် ဓာတ်ပုံများပြသခဲ့ကြကြောင်း သိရသည်။

မေ(iprd)




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၅၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၆.၅၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၈၉ |
| တရုတ် | တစ်ယွမ် | ၁၇၅.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၁ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၅၀၀-၁၉၀၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၅၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၆၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်သစ်) | တစ်ပိဿာ | ၁၇၀၀-၁၈၀၀ |
| အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၅၃၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၀၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

မေ ၂၅ ရက်မှ ၂၉ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၇၀၂ ကျပ်နှင့် ဒီဇင်တစ်လီတာလျှင် ၆၅၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။

(စွမ်းအင်ဝန်ကြီးဌာန)

# ရွေးကောက်ပွဲမတိုင်မီကြားကာလ နိုင်ငံရေးတည်ငြိမ်မှုအတွက် အားလုံးပူးပေါင်းဆောင်ရွက်

❖ ***ရှေ့ဖုံးမှ***

မကြာခင်အချိန်အတွင်း ကရင်ပြည်နယ် လော်ခီးလာဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ညီလာခံတစ်ရပ်ကိုကျင်းပပြီး အတည်ပြုချက်များရယူဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ NCA စာချုပ်လက်မှတ်ရေးထိုးပြီးတာနဲ့ ကတိကဝတ်ထားရှိတဲ့အတိုင်း နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ကျင်းပနိုင်ဖို့ ပြင်ဆင်လုပ်ဆောင်ကြတော့မှာ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး ဆွေးနွေးပွဲတွေရဲ့ ဦးတည်ရည်မှန်းချက်ကတော့ တိုင်းရင်းသားညီအစ်ကို အားလုံးဆန္ဒရှိကြတဲ့ "ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု"ကို ညီညီညွတ်ညွတ် ကြိုးပမ်းတည်ဆောက်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့အားလုံးမျှော်မှန်းတဲ့ "ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး"ကို တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ မိမိတို့ကြိုးပမ်းအားထုတ် လုပ်ဆောင်နိုင်တာနဲ့အမျှ လက်ရှိမျိုးဆက်အတွက်သာမက နောင်မျိုးဆက်များအတွက်ပါ ပိုမိုကောင်းမွန်တဲ့ရလဒ်ကောင်းများ ရရှိနိုင်မှာဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဒီအခြေခံတွေအပေါ် မူတည်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ကို ပုံစံချလုပ်ဆောင်ကြရမှာဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့နဲ့ ဟန်ချက်ညီမယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကိုလည်း ပြုလုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလို့ဆိုရာမှာ အဓိကအားဖြင့် ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီစနစ်နဲ့ ကျင့်စဉ်များ အမြစ်တွယ်ရှင်သန်လာရေး၊ ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်ရေးစနစ်နဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုများ ပေါ်ပေါက်လာရေးဆိုတာတွေကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့အတွက် လိုအပ်မယ့် အသွင်ကူးပြောင်းရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရတာဝန်ယူခဲ့တဲ့ လေးနှစ်တာကာလအတွင်း ဖြေလျှော့မှုတွေ၊ ပုံစံချဆောင်ရွက်မှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြုလုပ်ရာမှာ ပကတိနိုင်ငံရေး အခြေအနေများအပေါ် မူတည်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စနစ်တစ်ခုကနေ တစ်ခုကို ကူးပြောင်းတဲ့အခါမှာ စနစ်ဟောင်းက လုပ်ထုံးလုပ်နည်းတွေနဲ့ ကျင့်စဉ်တွေဟာ စနစ်သစ်မှာ အံမဝင်တော့တဲ့အတွက် နှေးကွေးလေးလံမှုတွေ၊ အဆင်မပြေမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လောက်ပဲ စိန်ခေါ်မှုတွေ ရှိနေနေ အသွင်ကူးပြောင်းရေးအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်း(ဇယား-၁)နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း(ဇယား-၂)တို့ရဲ့အနှစ်သာရဖြစ်တဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရများအကြား အာဏာခွဲဝေမှုများကို အသက်ဝင်လာဖို့ ကြိုးပမ်းခဲ့ပါတယ်။ ပထမဆုံး အာရုံစိုက်လုပ်ဆောင်ခဲ့တာက အခြေခံဥပဒေမှာပါတဲ့ ပေးထားချက်များ အကောင်အထည်ပေါ် အသက်ဝင်လာဖို့ဖြစ်ပါတယ်။ နောက်တစ်ဆင့်မှာတော့ အခြေခံဥပဒေရဲ့ ပေးထားချက်တွေကို လိုအပ်တဲ့ချိန်ညှိမှုများနဲ့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ဆွေးနွေးကြတဲ့အခါမှာ ဇယား(၁)နဲ့ ဇယား(၂)ကို ပြင်ဆင်ဖို့ အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များကလည်း ထောက်ခံခဲ့ကြပါတယ်။ နိုင်ငံရေးပါတီများကလည်း ဒီကိစ္စအပေါ် အကြံပြုပြောကြားခဲ့တာတွေ ရှိပါတယ်။

ကျွန်တော်တို့ တိုင်းပြည်ကို "ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု" အဖြစ် ပြောင်းလဲတည်ဆောက်ရာမှာ အခြေခံကောင်းတွေရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ဦးတည်တဲ့၊ မျှတမှုလည်းရှိတဲ့ ဘဏ္ဍာငွေအခွန်အကောက်ခွဲဝေမှု၊ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုတွေကို (ဇယား-၁)နဲ့ (ဇယား-၂)တို့မှာ ပြင်ဆင်နိုင်ဖို့ ဦးစားပေးညှိနှိုင်း လုပ်ဆောင်နေပါတယ်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း လက်တွေ့ဆောင်ရွက်မှုများ၊ စမ်းသပ်လုပ်ဆောင်မှုများ၊ တွေ့ဆုံဆွေးနွေးမှုများကနေတစ်ဆင့် ရရှိလာတဲ့ အတွေ့အကြုံများ၊ အကြံဉာဏ်များနဲ့ အချက်အလက်များကို အခြေခံပြီး ဇယား(၁)နဲ့ ဇယား(၂) ပြင်ဆင်ဖို့ ဥပဒေကြမ်းတစ်ရပ်ကို ဇွန်လအတွင်းမှာပဲ လွှတ်တော်ထံ ပေးပို့တင်သွင်းသွားမှာဖြစ်ပါတယ်။

ဒါ့အပြင်အုပ်ချုပ်ရေးကဏ္ဍ အတွက်သာမက အခြားသောကဏ္ဍရပ်ပေါင်းစုံအတွက် ထိရောက်စွာအကျိုးပြုနိုင်မယ့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို မေလ ၂၉ ရက်နေ့မှာ တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ကာလရှည်ကြာ သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့တဲ့အတွက် ယခုသန်းခေါင်စာရင်းဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊ မူဝါဒများချမှတ်ဖို့ အများကြီး အသုံးဝင်ပါတယ်။ ယခင်လူဦးရေကို ခန့်မှန်းတွက်ချက်နေရတဲ့ အနေအထားကနေ ယခုသန်းခေါင်စာရင်းအရ တိတိကျကျတွက်ချက်နိုင်လာတဲ့အတွက် မူဝါဒချမှတ်မှုများ ပိုမိုထိရောက်လာမှာဖြစ်ပါတယ်။ ဒါသည်ပင်လျှင် ကျွန်တော်တို့နိုင်ငံအတွက် ပထမဆုံးရရှိတဲ့ ပကတိတန်ဖိုးပဲဖြစ်ပါတယ်။ မကြာမီကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာမှာလည်း ဒီလူဦးရေစာရင်းကို အခြေခံပြုစုရမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အနိမ့်ဆုံးလုပ်ခလစာနဲ့ ပတ်သက်ပြီး အသိပေးပြောကြားလိုပါတယ်။ အနိမ့်ဆုံးလုပ်ခလစာနဲ့ပတ်သက်တဲ့ အကြောင်းအရာနဲ့သတင်းအချက်အလက်တွေကို စက်ရုံ၊ အလုပ်ရုံများမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားများဆီကို အလုပ်သမားအဖွဲ့အစည်းများက သွားရောက်ဖြန့်ဖြူးခြင်း၊ အလုပ်သမားများထံကနေ သဘောထားဆန္ဒများ မေးမြန်းဆွေးနွေးခြင်းများနဲ့ရရှိလာမယ့် အချက်အလက်တွေကိုစုစည်းပြီး အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ရေးနဲ့စပ်လျဉ်းတဲ့ အမျိုးသားအဆင့် ကော်မတီဆွေးနွေးပွဲ မကြာခင်ကျင်းပသွားဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံဆောင်ရွက်မှုများ ပြီးစီးတဲ့အခါ အနိမ့်ဆုံးလုပ်ခလစာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်များကို ဇွန်လအတွင်းမှာ ချမှတ်ပြဋ္ဌာန်းသတ်မှတ် ဆောင်ရွက်အကောင်အထည်ဖော်သွားနိုင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ နိုင်ငံရေးအင်အားစုတွေကြား၊ နိုင်ငံရေးခေါင်းဆောင်တွေကြားမှာ ကျယ်ပြန့်တဲ့ သဘောတူညီချက်တွေမရရှိခဲ့တဲ့အတွက် တိုင်းပြည်နစ်နာခဲ့ရတာကို သင်ခန်းစာယူပြီး ကျွန်တော့်အနေနဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပုံစံမျိုးစုံနဲ့ပြုလုပ်ခဲ့တာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလ ၁၈ရက်နေ့မှာလည်း ရန်ကုန်မြို့မှာ နိုင်ငံရေးပါတီအသီးသီးက ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံပြီးငြိမ်းချမ်းရေးဖြစ်စဉ်များ ဆက်လက်ဖြစ်ထွန်းအောင်မြင်ရေး၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲများမတိုင်မီကြားကာလ နိုင်ငံရေးတည်ငြိမ်စေနိုင်ရေးဆိုတဲ့ကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြဖို့ ဆွေးနွေးခဲ့ကြပါတယ်။

မကြာမီကျင်းပပြုလုပ်တော့မယ့် အထွေထွေရွေးကောက်ပွဲများကို မျှော်မှန်းကြည့်တဲ့အခါ ပြည်သူလူထုရဲ့ ဆန္ဒမှန်ကိုထင်ဟပ်မယ့် ကိုယ်စားလှယ်အသီးသီး ပေါ်ထွက်လာမယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်မိပါတယ်။ ဒီလိုကိုယ်စားလှယ်တွေ ပေါ်ထွက်လာခြင်းဟာ နိုင်ငံရေးအင်အားတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ ဒီအင်အားဟာ ကျွန်တော်တို့အစိုးရလက်ထက်မှာ အုတ်မြစ်ချ တည်ဆောက်နိုင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်အောင်လုပ်ဆောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုများ

> **မကြာမီ ကျင်းပပြုလုပ်တော့မယ့် အထွေထွေရွေးကောက်ပွဲများကို မျှော်မှန်းကြည့်တဲ့အခါ ပြည်သူလူထုရဲ့ ဆန္ဒမှန်ကိုထင်ဟပ်မယ့် ကိုယ်စားလှယ်အသီးသီး ပေါ်ထွက်လာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိ။**
>
> **မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးအတွက် အလွန်အရေးကြီးတဲ့ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ အုပ်ချုပ်ရေးကဏ္ဍနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ ရွေးကောက်ပွဲကော်မရှင်အပါအဝင် တခြားသက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနဲ့ အပြည့်အဝ ပူးပေါင်းလုပ်ဆောင်မှာဖြစ်။**

အားလုံးဟာ ရေရှည်တည်ဆောက်ရမယ့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုတဲ့ ရှုမြင်မှုများနဲ့ ကြိုတင်မျှော်မှန်းပြင်ဆင်ကြရမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ပေါ်ပေါက်ခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကနေတစ်ဆင့် အဖြေရှာတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှသာလျှင် ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းနဲ့ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးအတွက် အလွန်အရေးကြီးတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများအဖြစ် အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ အုပ်ချုပ်ရေးကဏ္ဍနဲ့သက်ဆိုင်တဲ့ ကိစ္စရပ်တွေမှာ ရွေးကောက်ပွဲကော်မရှင်အပါအဝင် တခြားသက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနဲ့ အပြည့်အဝ ပူးပေါင်းလုပ်ဆောင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန် အကောင်အထည်ဖော်နိုင်ဖို့ အစိုးရယန္တရားအဆင့်ဆင့်ကနေ လိုအပ်တဲ့လုပ်ငန်းတာဝန်အရပ်ရပ်ကို ကျေပွန်အောင်ပွင့်လင်းမြင်သာမှုရှိရှိ၊ မှန်မှန်ကန်ကန် တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မဲစာရင်းမှန်ကန်ဖို့နဲ့ ဥပဒေနဲ့အညီ မဲပေးခွင့်ရှိတဲ့ နိုင်ငံသားအားလုံး မဲပေးနိုင်ဖို့၊ ရွေးကောက်ပွဲရလဒ်တွေကို ပွင့်လင်းမြင်သာမှုရှိရှိ၊ တိတိကျကျ မှန်မှန်ကန်ကန်ထုတ်ပြန်ပေးနိုင်ဖို့ ပြည်တွင်းနဲ့ နိုင်ငံတကာမှရွေးကောက်ပွဲ လေ့လာစောင့်ကြည့်တဲ့အဖွဲ့အစည်းတွေက ကျွမ်းကျင်ပညာရှင်တွေအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လေ့လာစောင့်ကြည့်နိုင်ဖို့တွေကို စီစဉ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ကပ္ပလီပင်လယ်အော်အတွင်းမှာ မျောပါနေတဲ့လှေစီးဒုက္ခသည်များအရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ လိုအပ်တဲ့ ဖြေရှင်းဆောင်ရွက်မှုတွေကို တုံ့ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများရဲ့အကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရမှာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတကာအသိုင်းအဝိုင်းမှာ တာဝန်သိတဲ့၊ တာဝန်ယူတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ လှေစီးဒုက္ခသည်များကို ကယ်ဆယ်ဆောင်ရွက်နိုင်ဖို့နဲ့ လူသားချင်းစာနာတဲ့ အကူအညီများပေးအပ်ပြီး ၎င်းတို့ရဲ့နေရပ်ကို ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လူမှောင်ခိုကုန်ကူးမှုများနဲ့ တရားမဝင် ထွက်ပြေးစွန့်ခွာမှုတွေရဲ့ အဓိကဇာစ်မြစ်ဖြစ်တဲ့ အလုပ်အကိုင်ရှားပါးမှုနဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးတို့ကို အာရုံစိုက်လုပ်ဆောင်နေပါတယ်။ ရခိုင်ပြည်နယ်မှာလည်း ပြည်တွင်းမှီတင်းနေထိုင်ကြသူများရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအစီအမံများကို အာရုံစိုက်လုပ်ဆောင်နေပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံရေးအင်အားစုများအားလုံးနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို တိုက်တွန်းပြောကြားလိုတာတွေကတော့ လတ်တလောမျှော်မှန်းချက်အနေနဲ့ ရွေးကောက်ပွဲမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုအတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ရေရှည် ရည်မှန်းချက်များအနေနဲ့ကတော့ အနာဂတ်မြန်မာနိုင်ငံတော်သစ် တည်ဆောက်ဖို့ လိုအပ်မယ့်အခြေခံများကို မျက်ခြည်ပြတ်မခံဘဲ ယှဉ်တွဲစဉ်းစားပြင်ဆင်ကြဖို့ တိုက်တွန်းပြောကြားလိုခြင်းပဲဖြစ်ပါတယ်။ ဒီလို ရေရှည်တည်ဆောက်ရမယ့် ရည်မှန်းချက်များကို ပြဋ္ဌာန်းသတ်မှတ်တဲ့အခါမှာလည်း ဆန္ဒစွဲကင်းကင်းနဲ့ အစွန်းမရောက်တဲ့ မျှော်မှန်းချက်များဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့လူ့အဖွဲ့အစည်းလို နိုင်ငံရေးပဋိပက္ခများနဲ့ လက်နက်ကိုင်ပဋိပက္ခများကနေ ရရှိခဲ့တဲ့ခါးသီးတဲ့အတွေ့အကြုံတွေကို အနာဂတ်မျိုးဆက်သစ်များထံ ဆိုးမွေများအနေနဲ့ လက်ဆင့်မကမ်းဘဲ မိမိတို့လက်ထက်မှာ သမိုင်းသင်ခန်းစာများကို အခြေခံပြီး ကောင်းမွန်တဲ့ရည်မှန်းချက်များ တည်ဆောက်ကြဖို့ အထူးပင်အရေးကြီးတဲ့အကြောင်းလည်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ဂါဇာ၌ စုံတွဲပေါင်း ၂၀၀၀ စုပေါင်းလက်ထပ်ပွဲ ကျင်းပ



**ဂါဇာ ဇွန် ၁**

ဂါဇာ၌ အကြီးမားဆုံးသော လက်ထပ်ပွဲကြီးတစ်ရပ် ကျင်းပရာ သတို့သား သတို့သမီး စုံတွဲပေါင်း ၂၀၀၀ တက်ရောက်ခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြသည်။

ဂါဇာမြို့ အယ်လ်ရာမွတ် အားကစားကွင်းကြီး၌ ကျင်းပသော အဆိုပါ စုပေါင်းလက်ထပ်ပွဲကို တူရကီနိုင်ငံက တာဝန်ယူကျင်းပပေးခြင်းဖြစ်ပြီး ရာပေါင်းများစွာသော မိသားစုများနှင့် အသိမိတ်ဆွေ သူငယ်ချင်းများလည်း တက်ရောက်ခဲ့ကြသည်။

တူရကီအစိုးရက အဆိုပါ စုပေါင်း လက်ထပ်ပွဲကြီး ဖြစ်မြောက်ရေးအတွက် အမေရိကန်ဒေါ်လာ လေးသန်းကူညီပေးခဲ့ကြောင်း ဟားမားစ် ဒုတိယအကြီးအကဲ အစ္စမေးလ် ဟာနီယာက ပြောသည်။

တူရကီက အစ္စရေးတို့၏ ထိုးစစ်ကြောင့် ပျက်စီးသွားသော နေအိမ်များ ပြန်လည် တည်ဆောက်ရာတွင် အခန်းပေါင်း ၃၄၀ ပါ အိမ်အလုံးပေါင်း ၂၀ တည်ဆောက်ပေးရန်လည်း ကတိပြုပြောဆိုထားသည်။

အဆိုပါ စုပေါင်းလက်ထပ်ပွဲသည် အစ္စရေးက ဂါဇာကိုတိုက်ခိုက်ခဲ့သည့် ငါးနှစ်ပြည့် အခမ်းအနားနှင့်လည်း တိုက်တိုက်ဆိုင်ဆိုင် ကျင်းပခဲ့သည်ဟုဆိုသည်။ **(ဆင်ဟွာ)**



# တရုတ်နိုင်ငံတွင် ကလေးများအတွက် ပညာရေးအရှိန်မြှင့်တင်ဆောင်ရွက်

**ပေကျင်း ဇွန် ၁**

တရုတ်နိုင်ငံတွင် အောက်ခြေမူလတန်းကျောင်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်းကို နှစ်အစပိုင်းမှ စ၍ ပြုလုပ်ခဲ့သည်။ ကျေးလက်ဒေသများတွင် အဆိုပါကျောင်းများသည် သင်ကြားရေးဝန်ထမ်းများနှင့် ကျောင်းဆရာဆရာမများ ရှားပါးသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စုစုပေါင်း ကျောင်းပေါင်း ၆၄၀၀၀ အတွက် အမျိုးသားစီမံကိန်း တစ်ရပ်အနေဖြင့် ဒစ်ဂျစ်တယ် ပညာရေးစနစ်ကို ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

ယင်းစီမံကိန်းကြောင့် ကျေးလက်နေကလေး လေးသန်းကျော်အတွက် အကျိုးဖြစ်ထွန်းမှုရှိကြောင်း ပညာရေးဝန်ကြီးဌာန ဖော်ပြချက်များအရ သိရသည်။

မြို့ကြီးများတွင်ရှိသော ထိပ်တန်းကျောင်းများနှင့် သင်ကြားရေး အရည်အသွေးများ တစ်ပြေးညီရရှိရန် အဆိုပါ မူလတန်းကျောင်းများအတွက် ပရိုဂျက်တာများ၊ ရုပ်မြင်သံကြားစက်များ စသည့် သင်ထောက်ကူပစ္စည်းများကို တပ်ဆင်ပေးခဲ့သည်။ တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်းက ကလေးများ၏ လူမှုရေး၊ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံစီမံခန့်ခွဲခဲ့သည်။ ဖေဖော်ဝါရီလက သမ္မတ ရှီကျင့်ဖျင်သည်ရှန်ဇီနယ်သို့ သွားရောက်ခဲ့စဉ် ဆင်းရဲနွမ်းပါးသော ဒေသများအတွက် ပညာရေးသည် အဓိကပင်ဖြစ်ကြောင်း၊ ပညာရေး၏ အရေးပါပုံများကို တွန်းအားပေးပြောကြားခဲ့သည်။ တာအစတွင် ကလေးများကို တာထွက်မရှုံးစေချင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ကက်ရှ်မီးယားဒေသ ၁၆ နာရီကြာ တိုက်ပွဲ၌ အိန္ဒိယတပ်မတော်က စစ်သွေးကြွလေးဦးကို ပစ်သတ်

**နယူးဒေလီ ဇွန် ၁**

မေ ၃၁ ရက်က အငြင်းပွားကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားခဲ့သော ၁၆ နာရီကြာ သေနတ်ပစ်ခတ်တိုက်ခိုက်မှု၌ အိန္ဒိယတပ်မတော်က စစ်သွေးကြွလေးဦးကို ပစ်သတ်ခဲ့သည်။ အစောင့်ထူထပ်စွာချထားသော နယ်စပ်ဒေသကို ပါကစ္စတန်ဘက်မှ အကြမ်းဖက်သမားများ ဖြတ်ကျော်ဝင်ရောက်မှု ပြုပြီးနောက် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောခဲ့သည်။ အကြမ်းဖက်သမားများသည် အခြေစိုက်စခန်းကို ချဉ်းကပ်လာကာ အိမ်နှစ်လုံးထဲတွင် ဝင်ရောက်ခိုလှုံခဲ့ပြီးနောက် တန်ဒဟာနယ်စပ်မြို့အနီးတွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

တပ်မတော်က အကြမ်းဖက်သမားများကို နှိမ်နင်းရန် အဆောက်အအုံများကို စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကာ ကွန်မန်ဒို တပ်ဖွဲ့မှ တပ်သား ၄၀ ကိုလည်း လေယာဉ်ဖြင့် ခေါ်ဆောင်လာပြီး အခင်းဖြစ်ပွားရာနေရာ၌ အကြမ်းဖက်သမားများကို နှိမ်နင်းရန် ချပေးခဲ့ကြောင်း အရာရှိတစ်ဦး ပြောခဲ့သည်။ ထွက်ပြေးလွတ်မြောက်သွားဟန်တူသော အကြမ်းဖက်သမားနှစ်ဦးကို စစ်ဘက်က ရှာဖွေလျက်ရှိကြောင်း ၎င်းအရာရှိကပြောခဲ့သည်။ တပ်မတော်စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားများ ယူဆောင်လာသော လက်နက်ခဲယမ်း၊ မီးကျောက်များ ပေါက်ကွဲခဲ့သောကြောင့် အဆိုပါ အကြမ်းဖက်သမားများ ခိုလှုံရာ အိမ်နှစ်လုံး၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း ၎င်းအရာရှိက ထပ်မံပြောဆိုခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုတွင် အကြမ်းဖက်သမားလေးဦး သေဆုံးခဲ့ကြောင်း အကြီးတန်းရဲအရာရှိ ကာရစ်ဒါစ်က အတည်ပြုခဲ့သည်။

ပိုင်ဆိုင်မှုအရ ခွဲဝေထားသော်လည်း မပြီးပြတ်နိုင်သော အငြင်းပွားမှုများ ဖြစ်ပေါ်နေသည့် မွတ်စလင်အများစုနေထိုင်ရာ ကက်ရှ်မီးယားဒေသအရေးနှင့် ပတ်သက်ပြီး ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရပြီးချိန်ကတည်းက အိန္ဒိယနှင့် ပါကစ္စတန်တို့ တိုက်ပွဲများ ဆင်နွှဲခဲ့သည်မှာ ယခုချိန်ထိဖြစ်သည်။ မွတ်စလင်ခွဲထွက်ရေးသမားများက ၁၉၈၉ ခုနှစ်ကတည်းက အိန္ဒိယပိုင် ကက်ရှ်မီးယားဒေသဘက်၌ အိန္ဒိယတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ကြသည်။ အိန္ဒိယကလည်း ၎င်းပိုင်နက်၌ သူပုန်များကို လေ့ကျင့်ပေးနေသည် ဆိုကာ ပါကစ္စတန်ဘက်ကို စွပ်စွဲခဲ့သည်။

ပါကစ္စတန်ဘက်က ထိုစွပ်စွဲချက်ကို ငြင်းဆန်ခဲ့ကာ ကက်ရှ်မီးယားဒေသရှိ မွတ်စလင်များကို သံတမန်နည်းလမ်းအရ ကူညီခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။ ၎င်းကို အိန္ဒိယဘက်ကလည်း ငြင်းဆန်ခဲ့သည်။

စစ်သွေးကြွများက စစ်သားသုံးဦးကို ပစ်သတ်ခဲ့ပြီးနောက် ယခုတိုက်ခိုက်ခြင်းသည် လွန်ခဲ့သောအပတ်က အိန္ဒိယတပ်မတော်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုဖြစ်သည်။ **(ရိုက်တာ)**

# စွမ်းအင်အဆင့်မြင့်အရာရှိဟောင်း တစ်ဦးကို လာဘ်စားမှုဖြင့် စွဲချက်တင်

**ပေကျင်း ဇွန် ၁**

တရုတ်နိုင်ငံတွင် အကျင့်ပျက်ခြစားမှုကို အကြီးအကျယ်တိုက်ဖျက်မှုများ ပြုလုပ်နေရာ တရုတ်အစိုးရရှေ့နေများက အမျိုးသားစွမ်းအင် အုပ်ချုပ်မှုကဏ္ဍတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အဆင့်မြင့်အရာရှိဟောင်း တစ်ဦးကို လာဘ်စားမှုဖြင့် စွဲချက်တင်ခဲ့ကြောင်း အစိုးရက ဇွန် ၁ ရက်က ပြောခဲ့သည်။

ဝေပန်ယွမ်သည် အမျိုးသားစွမ်း အင်အုပ်ချုပ်မှုကဏ္ဍ၏ ကျောက်မီးသွေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး ဖြစ်ကာ ၎င်းကို အကျင့်ပျက်ခြစားမှုတွင် သံသယရှိပြီး ပိုင်ဆိုင်မှုများကို မှန်ကန်စွာ မဖော်ပြနိုင်သောကြောင့် ယခုကဲ့သို့ စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း ထိပ်တန်း အစိုးရရှေ့နေတစ်ဦးက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ဝေအပါအဝင် အခြားစွမ်းအင် ကဏ္ဍမှ အရာရှိများ၏ စုံစမ်းဖော်ထုတ် တွေ့ရှိမှုများကို ပြီးခဲ့သောလက ကြေညာခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်မှုဌာန၏ ခေါင်းဆောင် လျူတီနန်ကို လာဘ်စားမှုအရှုပ်တော်ပုံ၌ ဖမ်းဆီးပြီးနောက် ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့သည်။ **(ရိုက်တာ)**



# မြေကမ္ဘာအလှမယ် ယှဉ်ပြိုင်ရန်အတွက် ဖိလစ်ပိုင်မယ်ကိုရွေး

**ပါဆေး ဖိလစ်ပိုင် ဇွန် ၁**

ဖိလစ်ပိုင်နိုင်ငံ ပါဆေးမြို့၌ မတ် ၃၁ ရက်က မယ်စကြဝဠာပြိုင်ပွဲအတွက် မယ်ရွေးပွဲကျင်းပခဲ့ရာ ဖိလစ်ပိုင် အလှမယ်အိန်ဂျလီနာဂါဘရီနာအွန်းက သရဖူဆွတ်ခူးရရှိသွားခဲ့သည်။

အလှမယ် အိန်ဂျလီနာဂါဘရီနာအွန်းအနေဖြင့် အဆိုပါမယ်ပြိုင်ပွဲတွင် သရဖူဆွတ်ခူးနိုင်ခဲ့သဖြင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၅ မြေကမ္ဘာအလှမယ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသွားခဲ့သည်။

အဆိုပါ ဖိလစ်ပိုင်မယ်ရွေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၈ ဦး အနက်မှ ဂါဘရီနာအွန်းအား ရွေးချယ်လိုက်ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# အာဖဂန်နစ္စတန် အရှေ့ပိုင်းရှိ ရဲဌာနချုပ်ကို တာလီဘန်များ တိုက်ခိုက်

**ကဘူးလ် ဇွန် ၁**

တာလီဘန်စစ်သွေးကြွများသည် အာဖဂန်မြို့တော်ရှိ ရဲဌာနချုပ်ကို ရုတ်တရက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။ ဌာနချုပ်၏ ဝင်ပေါက်၌ အသေခံဗုံးတစ်လုံးဖောက်ခွဲရာ ရဲကိုးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း တနင်္လာနေ့က သက်ဆိုင်ရာက ပြောသည်။ ဂျာလာလာဘတ်မြို့အရှေ့ဘက်ရှိ ရဲစခန်းတစ်ခု၌ တနင်္ဂနွေနေ့ ညသန်းခေါင်ယံအချိန်တွင် ကားဗုံးတစ်လုံး အသေခံဖောက်ခွဲရာ ၎င်းတို့ရဲဘော်များအတွက် လမ်းကြောင်းရှင်းလင်းခြင်းဖြစ်ကြောင်း တာလီဘန်တို့က ပြောကြားခဲ့သည်။

ဌာနချုပ်တွင်ပြုလုပ်သည့် အရေးပေါ်အစည်းအဝေးကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပြောသည်။ ရဲများသည် စစ်သွေးကြွများထက် ပို၍စွမ်းအားကြီးကြောင်း စခန်းမှူးက ပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း၊ စစ်သွေးကြွလေးဦးကို ပစ်သတ်နိုင်ခဲ့ပြီး တစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း နယ်ထိန်းရဲမှူး ဖာဇယ်အာမက်ရှုရီဇတ်က ပြောသည်။ တိုက်ခိုက်သူများထံမှ အေကေ-၄၇ ရိုင်ဖယ်လေးလက်နှင့် ဒုံးကျည်၊ လက်ပစ်ဗုံးများသိမ်းဆည်းရမိကြောင်း ၎င်းကပြောသည်။ **(ရိုက်တာ)**

# တပ်မတော်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

**ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ရုရှားနိုင်ငံ၏ဆောင်ရွက်နေမှုများကို တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ နေထိုင်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက်ဆက်ဆံနေထိုင်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံသည် မိမိတို့၏မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။** (ယာပုံ)



အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L. SALYUKOV နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. VASILY B.POSPELOV၊ စစ်သံမှူး Colonel DMITRY S.GUROV နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာမှုရှိအောင် တိုးမြှင့်ဆောင်ရွက်ရေး၊ စစ်ဘက်နှင့် ဆေးပညာရပ်ပိုင်းဆိုင်ရာ လေ့လာရေးအဖွဲ့များ အပြန်အလှန် စေလွှတ်ရေး၊ ပညာတော်သင်များ စေလွှတ်ရေး၊ တပ်မတော်အချင်းချင်း အတွေ့အကြုံများဖလှယ်၍ အတတ်ပညာနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြဝတီ)**

# မြန်မာ-ရုရှား တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး **(အပေါ်ယာပုံ)** ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. VASILY B.POSPELOV၊ စစ်သံမှူး Colonel DMITRY S.GUROV၊ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန် သွားရောက်ခဲ့မှုကိစ္စရပ်များ၊ နည်းပညာနှင့် ဘာသာစကားပညာရပ်ဆိုင်ရာများ ပူးပေါင်းသင်ကြားပို့ချရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ မီးရရှိတော့မည်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ သာယာဝှမ်း၊ ဇီးကုန်း၊ သာယာကုန်း၊ ကြိမ်တောမြောင်၊ သရက်သမိန် စသည့် ကျေးရွာများ၌ မကြာမီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာလေးရွာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးကို နေပြည်တော်ကောင်စီ၏အစီအစဉ်ဖြင့် အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မေလနောက်ဆုံးပတ်က ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဦးသန်းဌေးက ပြောကြားခဲ့သည်။

**မောင်လွင်**



**ဇွန် ၁ ရက်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အစ ကျောင်းများ ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေး အခြေခံပညာအလယ်တန်းကျောင်းတွင် စာသင်ကြားနေမှုကို မြို့နယ်ပညာရေးမှူးက ကြည့်ရှုစစ်ဆေးစဉ်။** (မြန်မာ့အလင်း)




# မိမိကိုယ်တိုင်က အစပြု၍ ကြိုးပမ်း

**ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)**

နှစ်စဉ် မေ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းရှိ လူသားများအားလုံး ဆေးလိပ်၏ဆိုးကျိုး အန္တရာယ်များကို သတိပြုရှောင်ရှားနိုင်ကြစေရန် နှိုးဆော်သည့်အနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြပါသည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၈၂ ခုနှစ်မှစ၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကျင်းပကာ ဆေးလိပ်သောက်သုံးမှု၏ အန္တရာယ်များအကြောင်း ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ဆေးတံစသော ဆေးရွက်ကြီးနှင့် စီမံပြုလုပ်ထားသည့် ပစ္စည်းအမျိုးမျိုးကို နည်းမျိုးစုံဖြင့် သုံးစွဲလျက်ရှိနေကြပါသည်။ စင်စစ်အားဖြင့် ဆေးလိပ်၊ စီးကရက်သောက်ခြင်း၊ ဆေးရွက်ကြီး ငုံခြင်း စသည်တို့သည် ပြုလုပ်သူတို့ကို အသက်သေစေနိုင်သည်အထိ အန္တရာယ်ရှိပါသည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးကို နည်းအမျိုးမျိုးဖြင့် သုံးစွဲခြင်းတို့သည် လူကိုသေစေနိုင်သည်အထိ အန္တရာယ်ရှိကြောင်းကို ယခုအခါ တစ်ကမ္ဘာလုံးက သိရှိပြီးဖြစ်သည်။ ဆေးလိပ်အန္တရာယ်များအကြောင်းကို စီးကရက်လုပ်ငန်းရှင်ကြီးများကိုယ်တိုင်က ဖုံးကွယ်ရန်၊ ငြင်းဆန်ရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြရာမှ ယခုအခါ ခိုင်လုံသော အထောက်အထားများအရ ဖုံးကွယ်ခြင်း၊ ငြင်းဆန်ခြင်း မပြုနိုင်တော့ဘဲ ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါဖြစ်သူများ၊ သေဆုံးရသူများကို လျော်ကြေးငွေများပေးနေကြရပြီဖြစ်ပါသည်။

ဆေးလိပ်ကို ကိုယ်တိုင်သောက်သုံးခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်များ ကိုယ်ဝန်ပျက်ကျခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးများမွေးဖွားခြင်း၊ တစ်နှစ်အောက်ကလေးများ သေဆုံးခြင်း၊ ဉာဏ်ရည်မမီသော ကလေးများ မွေးဖွားခြင်းတို့ဖြစ်စေနိုင်ပြီး ဆေးလိပ်ငွေ့ရှူရှိုက်ရသော ကလေးများအနေဖြင့် ရင်ကြပ်ရောဂါ၊ လေပြွန်ရောင်ရောဂါတို့ ဖြစ်ကြရသဖြင့်မိခင်နှင့်ကလေးငယ်တို့အတွက် အလွန်ပင် အန္တရာယ်ကြီးမားလှပါသည်။

ဆေးလိပ်ငွေ့တွင် ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ဟူ၍ နှစ်မျိုးရှိသည်။ ပင်မဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သုံးသူ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ တိုက်ရိုက် ရှူသွင်းလိုက်သော ဆေးလိပ်ငွေ့ဖြစ်ပြီး၊ ဘေးထွက်ဆေးလိပ်ငွေ့ဆိုသည်မှာ မီးညှိထားသော ဆေးလိပ်၏ထိပ်မှ အဆက်မပြတ် ထွက်နေသော ဆေးလိပ်မီးခိုးအငွေ့များ ဖြစ်ပါသည်။

ဆေးလိပ်တစ်လိပ်သောက်လျှင် ငါးမိနစ်အသက်တိုစေကြောင်း၊ ဆေးလိပ်စသောက်သည့်အရွယ်စောလျှင် အသက်ပိုတိုစေကြောင်း၊ ဆေးလိပ် သောက်သောသူသည် အိပ်၍မရခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းများ ပိုမို ဖြစ်ပွားခြင်းကြောင့် စာသင်ကြားမှုကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။ ဆေးလိပ်သောက်သုံးသောသူများသည် ခန္ဓာကိုယ်အလေးချိန်လျော့စေကြောင်း၊ အားကစားစွမ်းရည်ကိုလည်း ထိခိုက်စေကြောင်း သိရှိရပါသည်။

ထို့အပြင် ဆေးလိပ်သောက်ခြင်းကြောင့် မျက်စိကွယ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါ၊ နှလုံးသွေးကြောနှင့် အခြားသွေးကြောကျဉ်းသည့်ရောဂါ၊ လေဖြတ်သည့်ရောဂါနှင့် ရုတ်တရက် နှလုံးရပ်သည့်ရောဂါ၊ အဆုတ်ကင်ဆာနှင့် ရပ်ကြပ်ပန်းနာရောဂါများ၊ အဆုတ်ပွရောဂါ၊ အစာအိမ်ရောဂါ၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယကင်ဆာရောဂါများ ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

ဆေးလိပ်ကြောင့် ကျန်းမာရေးကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ ဆေးလိပ်ဝယ်ရန်အတွက် ငွေကြေးကုန်ကျခြင်း၊ ဆေးလိပ်မီးပွားကြောင့် အဝတ်အထည်မီးပေါက်ခြင်း၊ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်လာသည့်ရောဂါများကို ကုသရသဖြင့် ဆေးဖိုးဝါးခများ ကုန်ကျရခြင်းတို့အပြင် မတော်တဆဆေးလိပ်မီးပွားကြောင့် မီးလောင်မှုဖြစ်ပွားပြီး အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးရခြင်းစသည်ဖြင့် မလိုလားအပ်သော ဆိုးကျိုး ပေါင်းစုံကိုလည်း ဖြစ်စေနိုင်ပါသည်။

မိမိကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်နေသူ၏ အနားဌ်နေလျှင် ၎င်း၏ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်ရသည့်အတွက် နှလုံးရောဂါနှင့် အဆုတ်ရောဂါများ သာမန်လူထက် ပိုမိုဖြစ်စေနိုင်ကြောင်းလည်း သိရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်များအရ နှစ်စဉ်လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ကင်ဆာအမျိုးမျိုးနှင့် အဆုတ်ရောဂါအမျိုးမျိုး အပါအဝင် ရောဂါမျိုးစုံဖြစ်ပွားကာ အချိန်မတိုင်မီ သေဆုံးလျက်ရှိကြောင်း၊ ၎င်းတို့အထဲတွင် လူဦးရေ ခြောက်သိန်းကျော်သည် သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရ၍ ရောဂါဖြစ်ပွားကာ သေဆုံးနေကြရပြီး ထိုအထဲမှ လေးပုံတစ်ပုံကျော်သည် ကလေးများဖြစ်ကြောင်း သိရှိရပါသည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းစသည့် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲခြင်းများနှင့် သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည့် ကျန်းမာရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးပြဿနာများ ခံစားရခြင်းတို့မှ ကုစားကာကွယ်နိုင်ရန်အတွက် စာရေးသူတို့ မြန်မာနိုင်ငံအပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများအနေဖြင့် ကွန်ဗင်းရှင်းပါ အချက်အလက်များကို တတ်နိုင်သမျှ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။




စာရေးသူတို့ နိုင်ငံသည်လည်း အခြားသော နိုင်ငံများနည်းတူ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေတွင် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများကို တိကျစွာဖော်ပြထားပါသည်။ အဆိုပါဥပဒေအရ ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းပရိဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်မရောင်းရပါ။ အသက် (၁၈) နှစ် မပြည့်သေးသောသူအားဆေးလိပ် ရောင်းချခြင်း၊ ဆေးလိပ်ပေးခြင်း၊ အသက် (၁၈) နှစ်မ ပြည့်သေးသော သူထံမှ ပစ္စည်းတစ်ခုခု ကို ဆေးလိပ်နှင့် လဲလှယ်ခြင်း စသည်တို့ မပြုလုပ်ရပါ။ အသက် (၁၈)နှစ် မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းမပြုရပါ။ ဆေးလိပ်ကို လွယ်ကူ စွာ ဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထပ်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရပါ။ ဆေးလိပ်ရောင်းချ သူဖြစ်ပါက **"ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက် စေနိုင်ကြောင်း"** မြန်မာဘာသာဖြင့် **သတိပေးစာတန်းနှင့် အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆေးလိပ်ရောင်းချခြင်း မပြုကြောင်း** မြန်မာဘာသာဖြင့် **အသိပေးစာတန်း**တို့ကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရပါမည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်းတွင် တွေ့ရှိနေရသည့် စီးကရက်ဘူးအချို့တွင် ကျန်းမာရေးသတိပေးချက် မပါရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ရောင်းအားမြှင့်တင်ရေးအတွက် အခမဲ့ဝေငှ ခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ ဆေးလိပ်အမှတ်တံဆိပ်ပါသည့် မီးခြစ်၊ ဆေးလိပ်ခွက်၊ ပြက္ခဒိန်စသည့်ပစ္စည်းများကို လက်ဆောင်ပေးခြင်း၊ ကြော်ငြာ ဗီနိုင်းများ၊ ပိုစတာများကပ်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်များ ကျခံပေးပြီး ကြော်ငြာခြင်းစသည်ဖြင့် နည်းမျိုးစုံသုံးပြီး ဥပဒေကို ချိုးဖောက် နေကြပါသည်။

လူအချို့ကလည်း ဆေးလိပ်မသောက်ရနေရာများဌ် စီးကရက်ကို ဟန်ပါပါခဲပြီး လူအများကြားတွင် သွားလာလှုပ်ရှားလုပ်ကိုင်နေကြသည်ကို လည်း တွေ့နေရပါသေးသည်။ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများတွင် ဆေးလိပ်လုံးဝမသောက်ဘဲ ရှောင်ကြဉ်ခြင်းဖြင့် ဥပဒေကို လေးစားလိုက်နာရာရောက်ပြီး မိမိနှင့်မိမိပတ်ဝန်းကျင်မှလူများ၏ ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်သဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးရာရောက်ပါသည်။

ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို ပြည်သူများ နားလည်သဘောပေါက်၍ ရှောင်ကြဉ်နိုင်ကြစေရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို ကျန်းမာရေးဌာနက အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့်လည်း ဆေးလိပ်၏ ဆိုးကျိုးအန္တရာယ်များကို သိရှိသဘောပေါက်နားလည်ကာ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ဆေးလိပ်ကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ဖြစ်ပေါ်ရောက်ရှိနိုင်ရန်အတွက် သင်သည် ဆေးလိပ်သောက်သုံးနေသူဖြစ်ပါက ယခုပင် ဆေးလိပ်ဖြတ်လိုက်ပါ။ အခြားသော ဆေးလိပ်သောက်သုံးနေ ကြသူများကိုလည်း ဆေးလိပ်ဖြတ်ကြရန် တိုက်တွန်းပါ။ သင်အပါအဝင် အခြားသော ဆေးလိပ်သောက်သုံးနေကြသူများအား ပြည်သူအားလုံး အတွက် ဆေးလိပ်ဖြတ်ကြဖို့ တိုက်တွန်းလိုပါသည်။

သက်ဆိုင်ရာ တာဝန်ရှိဌာနအသီးသီးမှလည်း မြန်မာနိုင်ငံတွင် လက်ရှိ ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုပြည်သူများမှ တိတိကျကျ လိုက်နာဆောင်ရွက်ကြစေရန် အတွက်လိုအပ်သော အရေးယူမှုများကို တိတိကျကျ ထိရောက်စွာဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။ သို့မှသာ အဆိုပါ ဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်မည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းခြင်း၏ အကျိုးရလဒ်များကို ပြည်သူများခံစားနိုင်မည်ဖြစ်ပါသည်။

ဆေးလိပ်တိုက်ဖျက်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးမှုများကို ယခုထက် ပိုမိုပြုလုပ်ပြီး ပြည်သူလူထုအနေဖြင့်လည်း သိရှိသဘောပေါက်နားလည်ကာ လိုက်နာဆောင်ရွက်ပါက ဆေးလိပ်ကင်းစင်သောနိုင်ငံဖြစ်လာမည်ဖြစ်ပါသည်။

ဆေးလိပ်သောက်မှ ခေတ်မီသည်၊ ဆေးလိပ်သောက်မှ လူရာဝင်သည်၊ ဆေးလိပ်သောက်မှ စတိုင်ကျသည် စသည့်အတွေးအခေါ်အယူအဆများသည် ယနေ့ကာလနှင့် မကိုက်ညီတော့ပါ။ ဆေးလိပ်သောက်ပါက ဖြစ်ပေါ်ခံစားရမည့် ရောဂါဝေဒနာများအပြင် သတိမမူမိသော ဆိုးကျိုးများဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မိသားစုနှင့် တစ်ဦးချင်းကုန်ကျစရိတ် ပိုမိုများပြားမှု၊ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားကျဆင်းမှု၊ ဆေးလိပ်ကြောင့် ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ်စသည်ဖြင့် ဆိုးကျိုးအများအပြားကို သိရှိနားလည်သဘောပေါက်ပြီး ဆေးလိပ်ကင်းစင်သော နိုင်ငံဖြစ်အောင် မိမိကိုယ်တိုင်မှ အစပြု၍ ကြိုးပမ်းသင့်ပါသည်။

ကမ္ဘာ့နိုင်ငံများစွာတို့တွင် ဆေးလိပ်သောက်ခြင်းသည် ခေတ်မီသော လုပ်ရပ်တစ်ခု မဟုတ်တော့ဘဲ၊မယဉ်ကျေးသော လုပ်ရပ်အဖြစ်သတ်မှတ်ပြီး ဆေးလိပ်မသောက်သော ယဉ်ကျေးမှုတစ်ခုကို တည်ထောင်နေချိန်တွင် မိမိတို့အနေဖြင့်လည်း လုပ်သင့်လုပ်ထိုက်သောအရာကို ပြုလုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းစေသော အခြေအနေများကို လက်လွတ်မခံဘဲ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံးဌ် ဆေးလိပ်ကင်းစင်သော လူသားမျိုးဆက်များဖြစ်ပေါ်ရေးအတွက် မိမိတို့အားလုံးမှ နည်းလမ်းပေါင်းစုံဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်**အဖြစ် ရေးသားတင်ပြအပ်ပါသည်။

## မိတ္ထီလာအကျဉ်းထောင်တွင် အကျဉ်းသူ အကျဉ်းသားများနှင့် ဝန်ထမ်းမိသားစုဝင်များအား တေးဂီတများဖြင့် လာရောက်ဖျော်ဖြေ

**မိတ္ထီလာ ဇွန် ၁**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် ဇွန် ၁ ရက် နံနက် ၉ နာရီက မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများနှင့် ဝန်ထမ်းမိသားစုဝင်များအား တေးဂီတများဖြင့် လာရောက်ဖျော်ဖြေကြောင်း သိရသည်။

"နံနက်ပိုင်းမှာ အကျဉ်းသူနဲ့ အချုပ်သူတွေကို ဖျော်ဖြေပြီး မွန်းလွဲပိုင်းမှာ အကျဉ်းသား အချုပ်သားတွေကို ဖျော်ဖြေပြီး ညပိုင်းမှာ ဝန်ထမ်းမိသားစုဝင်တွေကို ဖျော်ဖြေမှာပါ။ အကျဉ်းသား အကျဉ်းသူတွေကို စိတ်ပျော်ရွှင်မှုရှိပြီး စိတ်အပန်းပြေစေဖို့ အဓိကရည်ရွယ်ကာ အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့က တေးဂီတများနဲ့ လာ ရောက်တီးခတ်သီဆိုဖျော်ဖြေကြ တာဖြစ်ပါတယ်"ဟု မိတ္ထီလာ အကျဉ်းထောင်မှူး ဦးခင်မောင် ထွန်းက ပြောသည်။

အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့မှ တေးသီချင်းများဖြင့် လာရောက်သီဆိုဖျော်ဖြေခဲ့၍ စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိကြောင်း အကျဉ်းသူတစ်ဦးက ပြောသည်။

"အခုလို လာရောက်ပြီး တေးသီချင်းများနဲ့ သီဆိုဖျော်ဖြေတာမို့ အခိုက်အတန့်တော့ ဝမ်းသာပျော်ရွှင်မိတယ်။ အိမ်ကိုသတိရတာတွေ၊ စိတ်ညစ်တာတွေ ခဏမေ့သွားတယ်" ဟု မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျနေသူ အကျဉ်းသူတစ်ဦးက ပြုံးရွှင်စွာဖြင့် ပြောသည်။

အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းစခန်းများနှင့် အကျဉ်းဦးစီးဌာနများသို့ တေးဂီတများဖြင့် လှည့်လည်ဖျော်ဖြေရာတွင် အကျဉ်းသူ အကျဉ်းသားများ စိတ်ပျော်ရွှင် အပန်းပြေမှုရရှိပြီး ဝမ်းသာပျော်ရွှင်မှုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လှည့်လည် ဖျော်ဖြေခြင်းဖြစ်သည်ဟု ဆိုသည်။

**ချမ်းသာ (မိတ္ထီလာ)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဇွန် ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက **ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်များတွင် ဘာသာရပ်ပေါင်းစုံ သင်ကြားနိုင်ရေးနှင့် သင်ယူခွင့်မရှိသော ဘာသာရပ်များကို တခြားဒေသရှိ နည်းပညာတက္ကသိုလ်များတွင် သွားရောက်သင်ယူခွင့်ရရှိစေရန် စီစဉ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက နည်းပညာတက္ကသိုလ်များတွင် အဓိကဘာသာရပ်ကြီးများဖြစ်ကြသော မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရွန်နစ် အင်ဂျင်နီယာနှင့် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ သင်တန်းလေးခုကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် အဆိုပါအဓိကဘာသာရပ်လေးခု သင်ကြားသော နည်းပညာတက္ကသိုလ်စုစုပေါင်း ၁၆ ခုရှိပါကြောင်း၊ နည်းပညာတက္ကသိုလ်(စစ်တွေ)အပါအဝင် အဓိကဘာသာရပ်လေးခု သင်ကြားလျက်ရှိသော အခြားနည်းပညာ တက္ကသိုလ်များတွင် ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် ကျောင်းအလိုက် တက်ရောက်မည့် ကျောင်းသားအင်အား၊ ဒေသ၏လိုအပ်ချက်၊ ဒေသ၏စီးပွားရေးစီမံကိန်းများနှင့်အညီ စိစစ်တွက်ချက်၍ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် တက္ကသိုလ်အလိုက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ ဖြေကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း သားဖွားဆရာမသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးရန်နှင့် ယခင်ကဖွင့်လှစ်သင်ကြားပေးခဲ့ဖူးသည့် အရန်သားဖွားဆရာမသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကျွန်းစုမြို့နယ်၌ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး GAVI နှင့် တိုင်းဒေသကြီးအစိုးရ အထောက်အပံ့ဖြင့် အရန်သားဖွား သင်တန်းပို့ချလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၃၀ ကို ခြောက်လကြာ သင်ကြားပို့ချပြီး လိုအပ်ချက်ပေါ်မူတည်၍ အရန်သားဖွားဆရာမအသစ်များ ထပ်မံလေ့ကျင့်မွေးထုတ်သွားမည်ဖြစ်ပါကြောင်း၊ ဆေးသိပ္ပံ ဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သားဖွားသင်တန်းကျောင်းတစ်ကျောင်းနှင့် ထားဝယ်မြို့တွင် သူနာပြုသင်တန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ပြီးဖြစ်ပါ၍ ကျွန်းစုမြို့နယ်တွင် သားဖွားသင်တန်းကျောင်း ဖွင့်လှစ်ရန် စီစဉ်ထားမှုမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းစဉ်။ (သတင်းစဉ်)

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်က **ရေစကြိုမြို့နယ်ရှိ ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် လစ်လပ်နေရာကို အစားထိုးခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် မြန်ဆန်စွာခန့်ထားပေးနိုင်ရန် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရွေးချယ်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်လျက်ရှိသော သစ်လွင်လက်ထောက်ဆရာဝန် ၁၇၁ ဦးကို ၂၀၁၅ ခုနှစ် မတ်လအတွင်း ခန့်ထားမည့်အချိန်တွင် လုပ်သက်ရဒေသခံဆရာဝန်များက ရေစကြိုပြည်သူ့ဆေးရုံရှိ လစ်လပ်နေရာများနှင့် ကြက်ဆူကျင်း တိုက်နယ်ဆရာဝန်နေရာတွင် ခန့်ထားပေးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ လစ်လပ်သော ကြက်ဆူကျင်း တိုက်နယ်ဆရာဝန်နေရာတွင် ပခုက္ကူပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာလင်းထင်ကို ယာယီအစီအစဉ်ဖြင့် တွဲဖက်တာဝန်ချထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပေါ်ထွက်လာနိုင်ရေး ကဏ္ဍများအလိုက် ဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုပေးနိုင်ရန်အတွက် သက်သေ၏ လုံခြုံရေးကို အာမခံနိုင်သော သက်သေအကာအကွယ်ပေးမှု အစီအစဉ်များလုပ်ဆောင်၍ မှုခင်းများ ဖော်ထုတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုမည့် ပုဂ္ဂိုလ်များ၏ လုံခြုံရေး စိုးရိမ်ရပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အထူးကိစ္စတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားပြီး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်သေ၏ လုံခြုံရေးကို အာမခံနိုင်သော Witness Protection Programm များကို သီးခြားရေးဆွဲဆောင်ရွက်ထားခြင်း မရှိသော်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော လူ့ကိုယ်ကို ထိခိုက်စေသော ပြစ်မှုများနှင့် ကာကွယ်ခုခံပိုင်ခွင့်များအရ သက်သေတစ်ဦးတစ်ယောက်အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန် အလေးထားစောင့်ရှောက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ပလတ်စတစ်ကြောင့် ထွက်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်း အသုံးချသွားရန် လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေး ထိခိုက်မှုမရှိစေရန် ပြည်သူလူထုအပိုင်းကလည်း ပလတ်စတစ်ကို အတတ်နိုင်ဆုံးလျှော့ချသုံးစွဲသွားရန်နှင့် နိုင်ငံတော်အပိုင်းက စွန့်ပစ်ပစ္စည်းများကို ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ထိန်းချုပ်သွားရန် လိုအပ်သကဲ့သို့ အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပေါ်ထွက်လာနိုင်ရေးကို ကဏ္ဍများအလိုက် ဆောင်ရွက်သင့်ပြီး ပလတ်စတစ်ပစ္စည်းစွန့်ပစ်ရေးကိစ္စကို ဥပဒေ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထည့်သွင်းသင့်ပါကြောင်း၊ ဥပဒေမပြုမီကာလ၌ ပြည်သူလူထုအတွင်း အသိပညာဖြန့်ဖြူးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်က အဆိုကိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

## အာရှကျောင်းသားလူငယ် စစ်တုရင်သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇွန် ၁**

စင်ကာပူနိုင်ငံတွင် မေ ၃၀ ရက်မှ ဇွန် ၈ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှကျောင်းသားလူငယ် စစ်တုရင်ပြိုင်ပွဲနှင့် ဇွန် ၈ ရက်မှ ၁၇ ရက်အထိ (၁၆)ကြိမ်မြောက်အာဆီယံသက်တမ်းအလိုက် စစ်တုရင်ပြိုင်ပွဲများသို့ မြန်မာစစ်တုရင် အားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အုပ်ချုပ်သူဒိုင်နှင့် အားကစားသမားခင်ကို(လယ်ယာ/ဆည်မြောင်း)၊ မစန္ဒာခိုင်အောင် (အထက(၂)လသာ)၊ မအိခြိမ့်ခြိမ့် (အထက ၁၁၊ နေပြည်တော်)၊ မောင်မောင်ကျော်ဇောဟိန်း (PISM ကမာရွတ်)တို့သည် မေ ၃၀ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဇွန် ၁ ရက်တွင် **မဟာမိတ်တောင်သူ လယ်သမားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ ရေပေးဝေ

**ရန်ကုန် ဇွန် ၁**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိရေရှားပါးသည့် ဒေသများတွင် ပြည်သူ့အကျိုးပြုရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မေ ၃၁ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ဖဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ ရေဂါလန် ၄၀၀၀ နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ရေဂါလန် ၄၈၀၀ စုစုပေါင်း ရေဂါလန် ၈၈၀၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။

**ကိုချစ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄)လမ်း၊ အိမ်အမှတ်(၂၆၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မဟာမိတ်တောင်သူ လယ်သမားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မဟာမိတ်တောင်သူလယ်သမားပါတီ၏ အလံပုံစံ



မဟာမိတ်တောင်သူလယ်သမားပါတီ၏တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန် သတ်မှတ်တာဝန်များ ကျေပွန်စွာထမ်းဆောင်

**နေပြည်တော် ဇွန် ၁**



(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည့်(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ စီအယ်လ်အမ်ဗွီ၊ အက်မက်စ်နှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ၂၀၁၃ ခုနှစ် မတ်လက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့ပြီး (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခင်က စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လည်းကောင်း အသီးသီး ကျင်းပခဲ့ပါကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနှင့် စက်မှုစွမ်းအင်၊ သတ္တုရှာဖွေရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအဖြစ်လေးနိုင်ငံခရီးစဉ်စသည့် ကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါကြောင်း။

ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ အက်မက်စ်နိုင်ငံအသီးသီးမှ စီးပွားရေးကောင်စီနှင့် စီးပွားရေးအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများကို ယခင်က သီးခြားစီကျင်းပခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှစတင်၍ ပူးတွဲကာ တစ်ဆက်တည်းကျင်းပခဲ့ပါကြောင်း၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန် သတ်မှတ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများကျင်းပရေး ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုများအား အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း နိုင်ငံအစိုးရအဖွဲ့အကြီးအကဲများ စတင်စုစည်းခဲ့သည့် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ပထမအကြိမ်ကျင်းပနိုင်ခဲ့ပြီး အက်မက်စ်၏ ရှေ့လုပ်ငန်းစဉ်နှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အက်မက်စ်သို့ ဗီယက်နမ်နိုင်ငံ ပါဝင်လာသဖြင့် ယခုအခါ အဖွဲ့ဝင်ငါးနိုင်ငံ ရှိလာခဲ့ပြီ ဖြစ်သည်။

ပထမအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့ပြီး CLMV အင်္ဂလိပ်အက္ခရာစဉ်အရ (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမျိုးသားခေတ်သစ်အဖွဲ့အစည်းမှ သင်တန်းသား၊ သင်တန်းသူများ လာရောက်လေ့လာ



**နေပြည်တော် ဇွန် ၁**

မော်လမြိုင်မြို့ အခြေစိုက် National Enlightenment Institute (အမျိုးသားခေတ်သစ်အဖွဲ့အစည်း)မှ ဦးကျော်စံဝင်း ဦးစီးသောတာဝန်ရှိသူငါးဦးနှင့် သင်တန်းသား သင်တန်းသူ ၃၀ တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။

အစီအစဉ်အရ National Enlightenment Institute (အမျိုးသားခေတ်သစ်အဖွဲ့အစည်း)မှ သင်တန်းသူတစ်ဦးက မိတ်ဆက်စကားပြောကြားပြီး သင်တန်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သင်တန်းသားများမှ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရေးအတွက် သတ်မှတ်ချက် ရှိ/မရှိ၊ နိုင်ငံရေးပါတီများ တည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့စိစစ်ကြောင်းနှင့် စိစစ်ရေးအဖွဲ့အား ကော်မရှင်အနေဖြင့် လွပ်လပ်သောအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရန် ရှိ/မရှိ၊ ရွေးကောက်ပွဲအတွက် ဘဏ္ဍာရေးဘတ်ဂျက်အား ဖြတ်တောက်ပါက လုံလောက်မှုရှိရန် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပူးပေါင်းဆောင်ရွက်ခွင့် ရှိ/မရှိနှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် ပြစ်မှုကျူးလွန်ထားပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိ/ မရှိ စသည်တို့အား မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖြူးမြို့နယ် တောင်သူများအတွက် မိုးစပါးချေးငွေသန်းပေါင်း တစ်သောင်းကျော်ထုတ်ချေးမည်

**ဖြူး ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ ကျောက်ကြီး၊ အုတ်တွင်းမြို့နယ်တို့တွင် မိုးစပါး အများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် မိုးရာသီတွင် ပုံစံ(၇)ရရှိပြီး မိုးစပါးစိုက်ဧက ၁၀၆၇၅၅ စိုက်ပျိုးကြမည်ဖြစ်သည်။

ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးရေးအတွက် လယ်လုပ်သူ တောင်သူလယ်သမားများ ငွေကြေးအခက်အခဲမရှိစေရန် ယခင်နှစ်များနှင့်မတူ မိုးစပါးချေးငွေများကို စိုက်ပျိုးချိန်အမီ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ဆောလျင်စွာ ကြိုတင်ချေးငွေများ ထုတ်ပေးလျက်ရှိရာ ဖြူးမြို့နယ်အတွင်းရှိ လယ်သမားကြီး ၁၇၆၈၇ ဦးတို့ကို မိုးစပါးချေးငွေပေါင်း ၁၀၆၇၅၅၀၀၀၀၀ ထုတ်ချေးပေးမည်ဖြစ်ရာ ဇွန် ၁ ရက် နံနက်ပိုင်းမှစ၍ ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စုအတွင်းရှိလယ်သမားများကို တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**







✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီ သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မက်တေယို ရမ်ဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးချိုထွန်းအောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချိုထွန်းအောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မေ ၂၁ ရက်တွင် ဘန်ဒါဆရီဘီဂါဝန်မြို့၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ အဗ်နီ အယ်လ်မာ ဟွန် ဆူလ်တန် ဟာဂျီ အိုမာ အလီ ဆိုင်ဖူဒင် ဆအာဒူလ်ခိုင်ရီ ဝါဒင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ထိုသို့ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မှုကြောင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအပြင် နည်းပညာများနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများဖြစ်သည့် Daewoo E&P Myanmar တွင် မြန်မာနိုင်ငံသား ၆၅ ရာခိုင်နှုန်း အလုပ်အကိုင်ရရှိနေသည်။ တစ်ဖန် Total E&p Myanmar တွင် မြန်မာအလုပ်သမား ၈၉ ရာခိုင်နှုန်းရှိနေသည်။

ထို့အပြင် PTTEP တွင် မြန်မာနိုင်ငံသား ၅၇ ရာခိုင်နှုန်း အလုပ်အကိုင်ရရှိနေပြီး Petronas တွင် မြန်မာနိုင်ငံသား ၈၀ ရာခိုင်နှုန်း အလုပ်လုပ်လျက်ရှိသည်။ ထိုသို့ နိုင်ငံခြားသားပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံသားများ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အတွေ့အကြုံကောင်းများ၊ အတတ်ပညာများ ရရှိနိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

## စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI) စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်

နေပြည်တော် ဇွန် ၁

နိုင်ငံတော်သမ္မတ၏ စင်ကာပူနိုင်ငံခရီးစဉ်အတွင်း သဘောတူဆွေးနွေးချက်အရ စင်ကာပူ-မြန်မာသက်မွေးပညာ သင်တန်းကျောင်း (Singapore Myanmar Vocational Training Institute - SMVTI)ကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ အမှတ်(၁)စက်မှုလက်မှုအထက်တန်းကျောင်း၌ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ လာမည့် စက်တင်ဘာလအတွင်း သင်တန်းများကို စတင်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာ ဦးစီးဌာနမှ သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကို ဦးတို့သည် ယမန်နေ့ နံနက်ပိုင်းက မြန်မာသက်မွေးပညာ သင်တန်းကျောင်း (SMVTI)အဆောက်အအုံ အကြီးစားပြင်ဆင်ရာ နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီတို့က မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း (SMVTI)တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ သင်တန်းများ၊ လျှပ်စစ်ဆိုင်ရာကျွမ်းကျင်မှု သင်တန်းများ၊ ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ စသည့် သင်တန်းများကို စင်ကာပူနိုင်ငံ ITE ကျောင်း၏ သင်ရိုးများနှင့်အညီ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

မြန်မာအသင်းမှာ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာပြိုင်ပွဲမှထွက်ခဲ့ရသည့် ရှုံးကြွေးကို ပြန်ဆပ်ရမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် တစ်လကျော်အချိန်ယူပြင်ဆင်ထားပြီး ပြည်တွင်းအသင်းအများအပြားနှင့် ခြေစမ်းပွဲများကစားထားကာ ပြည်ပ ခြေစမ်းပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ် နှစ်သင်းသာ ကစားထားသည်။ ယခု ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ် အများအပြား လာရောက်အားပေးရန် စီစဉ်ထားကြောင်း သိရသည်။

ဖိုးသော်ဇင်

## သီပေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဇွန် ၁ ရက်တွင် ကျောင်းတက်သူများဖြင့် စည်ကားများပြား

သီပေါ ဇွန် ၁

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဇွန် ၁ ရက်မှစ၍ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ပညာသင်ကျောင်းများ၌လည်း မိုးတဖွဲဖွဲနှင့်အတူ ကျောင်းစိမ်းဝတ်ကျောင်းသားကျောင်းသူများ ပြန်လည် လှုပ်ရှားသက်ဝင် နိုးကြားစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့ သီပေါအမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းသားများ စုဝေးချိန် နံနက် ၈ နာရီခွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က ကျောင်းသားကျောင်းသူများအနေဖြင့် ယခုကျောင်းဖွင့်ချိန်မှစပြီး ကျောင်းစည်းကမ်းများကို တိကျစွာလိုက်နာရေးနှင့် ကျောင်းမှန်မှန်တက်ရေး၊ ဆေးလိပ်မှအစ မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေး စသည့်ဆုံးမသြဝါဒစကားများပြောကြားခဲ့ကြောင်း သိရသည်။



စိုင်း(သီပေါ)

## Online e-Visa System လုပ်ငန်းနှင့် ပတ်သက်၍ သတိပေးကြေညာချက်

မြန်မာနိုင်ငံသို့ဝင်ရောက်လာမည့် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဦးဆောင်တာဝန်ယူ၍ Online e-Visa System ကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သော Myanmar Ease Net Co.,Ltd. သည် Online Visa ဝန်ဆောင်မှုလုပ်ငန်း (Service Provider) အနေဖြင့် (၁-၉-၂၀၁၄)ရက်နေ့မှစတင်ပြီး ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်ခွင့်ပြုချက်ရရှိထားသော http;//evisa.moip.gov.mm ဝက်ဘ်ဆိုက်ဖြင့် နိုင်ငံပေါင်း ၁၀၀ ရှိ နိုင်ငံခြားသားများ လျှောက်ထားနိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါဝက်ဘ်ဆိုက်တွင်ရှိနေသော ဒီဇိုင်းများ၊ သတင်းအချက်အလက်များ၊ ဝက်ဘ်ဆိုက်၏အစိတ်အပိုင်းတစ်စိတ်တစ်ဒေသ(သို့မဟုတ်) အလုံးစုံအား ကူးယူပြီး ထင်ယောင်ထင်မှားဖြစ်စေရန် မြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ မည်သည့်ပြည်ပတိုင်းပြည်များတွင် ဖြစ်စေတုပ၍ အသုံးပြုသုံးစွဲခဲ့ပါက မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



ဇွန် ၁ ရက်မှစတင်၍ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်ပြီဖြစ်ရာ အထက(၁)ကြည့်မြင်တိုင်၌ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ စာသင်ခန်းမသို့ ဝင်ရောက်လာကြသည်ကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ မေလအတွင်း ပါရဂူဘွဲ့သင်တန်းသို့ ပညာသင်(၃)ဦးနှင့် ဘွဲ့မယူသော သင်တန်း(Training) သို့ ပညာသင်(၂၂၅)ဦး၊ စုစုပေါင်း ပညာသင်(၂၂၈)ဦးကို ပြည်နိုင်ငံ (၁၈)နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ မေလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများဖွင့်လှစ်မှုနှင့်အတူ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာသင်ကြား

**ရန်ကုန် ဇွန် ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့စတင်ဖွင့်လှစ်လိုက်သည်။ ယခုနှစ်တွင် နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် မူလတန်း၊ အလယ်တန်းကို ယခင်နှစ်က အခမဲ့ပညာရေးစနစ် ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် အခြေခံပညာအထက်တန်းကိုပါ အခမဲ့ပညာရေးစနစ် ပြောင်းလဲလိုက်သည်။

ပညာသင်ကြားရာတွင် ကုန်ကျစရိတ်နည်းပါးပြီး ပညာသင်ကြားသူဦးရေ များပြားလာစေရန်လည်း နိုင်ငံတော်က တစ်ဖက်တစ်လမ်းမှ ကူညီလိုက်သဖြင့် ပညာသင်ကြားသူဦးရေများပြားလာမည်ဖြစ်သည်။ ထို့အပြင် ကျောင်းအပ်ရာတွင်လည်း ငွေကုန်ကျမှုမရှိသည့်အပြင် ဖတ်စာအုပ်များ၊ ဗလာစာအုပ်များကိုပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ၄၃ မြို့နယ်ရှိ အခြေခံပညာကျောင်း ၂၇၂၈ ကျောင်းကို ယနေ့တစ်ပြိုင်တည်း ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများပျော်ရွှင်လန်းဆန်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

“ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း”ဟူသည့် ကလေးကဗျာလေးကဲ့သို့ပင် အနာဂတ်မျိုးဆက်သစ်တို့၏ ကနဦးကျောင်းဖွင့်ရက်တွင် အဆင်ပြေချောမွေ့မှုရှိရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ မိဘ၊ ဆရာ၊ ကျောင်းသားများအား တွေ့ဆုံမေးမြန်းခဲ့သည်။



ဒေါ်အေးအေးမြင့်



ဒေါ်သင်းသင်းဆွေ



ဦးတင်ဝင်း



ရဲသီဟထွန်း

**ဒေါ်အေးအေးမြင့်**
**(အထက(၄)ပုဇွန်တောင်)**

ကျွန်မတို့ ဆရာတွေအနေနဲ့ ကလေးတွေ ကျောင်းဖွင့်ရက်မှာ အဆင်သင့် ပညာသင်ကြားနိုင်ဖို့ ကျောင်းမဖွင့်ခင်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်၊ စာသင်ခန်းမှာ လိုအပ်တဲ့ မီး၊ ပန်ကာ၊ စာသင်ခုံ အကုန်လုံးကို စနစ်တကျဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ ကျောင်းကဒီနှစ်မှာ မိုးလုံအောင် အဆောက်အအုံပြင်ဆင်ခြင်း၊ ရေအိမ်ပြုပြင်ခြင်းတွေ ဆောင်ရွက်ခဲ့တယ်၊ ကလေးတွေ ကျောင်းတက်ရင်သောက်ဖို့ ရေသန့်စက်ကိုလည်း ရေစစ်တွေ ပြန်လဲထားပါတယ်။ ကျောင်းမဖွင့်ခင်ရက်တွေမှာ ကိုယ့်အခန်းမှာရှိတဲ့ ကလေးနဲ့ခုံ ကိုက်ရဲ့လား၊ ခုံတွေကိုလည်း အကျိုးတွေမရှိအောင် အစစအရာရာ အဆင်ပြေအောင်လုပ်ထားပါတယ်။ နွေရာသီကတည်းက တစ်ကျောင်းလုံးမှာရှိတဲ့ ခုံတွေကို ပြန်လည်ပြုပြင်ထားပြီးပါပြီ၊ ကျောင်းသားတွေ စာသင်ရာမှာ အခက်အခဲမရှိအောင် အားလုံးဆောင်ရွက်ထားပါတယ်။ ဒီမနက် ကျောင်းဖွင့်ချိန်မှာလည်း အတန်းအလိုက် ကလေးတွေကို ဆရာမတွေက ကျောင်းရှေ့ကနေပြီးစနစ်တကျနဲ့ စာသင်ခန်းအထိလိုက်ပို့ပေးခဲ့ပါတယ်။

**မအိမွန်ဖြိုး( အဋ္ဌမတန်း၊**
**အထက(၄)ပုဇွန်တောင်)**

သမီးဒီနေ့ ကျောင်းဖွင့်ရက်မှာ အတန်းသစ်တက်ရမှာရယ်၊ သမီးသူငယ်ချင်းတွေနဲ့ တွေ့ရမှာကြောင့် ပျော်ပါတယ်၊ သမီးတို့ ကျောင်းက ဖတ်စာအုပ်တွေ အခမဲ့ပေးပါတယ်၊ သမီး အခုစာသင်ရမယ့် အခန်းကိုလည်း ဆရာမတွေက ခုံတွေစနစ်တကျနဲ့ သန့်ရှင်းစွာ လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**မောင်ရဲသီဟထွန်း(ပဥ္စမတန်း၊**
**အထက(၄)ပုဇွန်တောင်)**

ဒီနေ့ကျောင်းမှာ သူငယ်ချင်းတွေနဲ့ အတန်းအတူတူတက်ရတဲ့အတွက် ပျော်ပါတယ်၊ စာသင်ကြားရာမှာ အခက်အခဲမရှိအောင် ဆရာမတွေကလည်း စာသင်ခန်းထဲက မီးချောင်း၊ ပန်ကာ၊ စာသင်ခုံတွေကိုအဆင်သင့် သန့်ရှင်းစွာပြုလုပ်ထားတာတွေ့ရပါတယ်၊ ကျောင်းအပ်တော့လည်း ငွေအကုန်အကျမရှိအောင် အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သင်းသင်းဆွေ**
**(အထက(၄)ပုဇွန်တောင်)**

ကျောင်းသားတွေအတွက် ဖတ်စာအုပ်တွေလည်း အခမဲ့ဝေငှထားပြီးပြီ၊ မူလတန်းအတွက် ဗလာစာအုပ်ခြောက်အုပ် အခမဲ့ပေးထားပြီးပြီ။ စာသင်ဖို့ကတော့ အဆင်သင့်ပါပဲ၊ ကျောင်းဖွင့်ရက်မှာ အဆင်သင့်စာသင်နိုင်ဖို့အတွက် ကျောင်းမဖွင့်ခင်ကပဲ လုပ်ဆောင်ခဲ့ပါတယ်။ ယခုနှစ်စာသင်ကြားနေတဲ့ သူငယ်တန်းကျောင်းသားတွေကိုလည်း သက်ဆိုင်ရာအခန်းအလိုက် ဆရာမတွေက လိုက်ပို့ပြီး ကလေးပျော်ရွှင်အောင် လုပ်ပေးပါတယ်၊ ဆရာမတွေအနေနဲ့ ကျောင်းသားတွေကို မိဘသဖွယ်ကြင်ကြင်နာနာနဲ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနဲ့ကျောင်းနေပျော်ပြီး စာတော်တဲ့ကလေးတွေဖြစ်အောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကျောင်းသားမိဘ)**

နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးတဲ့အတွက် မိဘတစ်ယောက်အနေနဲ့ ပြောရရင် ပညာရေးစရိတ်တွေ နည်းသွားလို့ ဝမ်းသာပါတယ်၊ သမီးအတွက် ကျောင်းက ဗလာစာအုပ်နဲ့ဖတ်စာအုပ် အခမဲ့ပေးပါတယ်။ ကလေးတွေအနေနဲ့ ပညာရေးစရိတ်သက်သာတဲ့အတွက် ပညာရေးအားတက်လာပါတယ်။

ဆရာမတွေကလည်း ဂရုစိုက်ပါတယ်။ ကလေးတွေရဲ့ လူမှုရေးနေထိုင်မှုအားလုံးကို စည်းကမ်းတကျဖြစ်အောင် ဆရာမတွေကသွန်သင်ပေးပါတယ်။ ကလေးတွေ ပညာတတ်တွေဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။



စာသင်ကြားမည့်ကလေးငယ်များအား စာသင်ခန်းထဲ၌ တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ-ဥမ္မာသန့်**

---

## သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သွားရောက်လှူဒါန်း

**ရေတာရှည် ဇွန် ၁**

မိုးဦးရာသီရောက်သော်လည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ သောက်သုံးရေအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသော သိုင်းဝကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာသို့ မေ ၃၁ ရက် ညနေပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သက်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဌေး၊ ရေတာရှည်မြို့မ လူမှုရေးအသင်းတို့ပူးပေါင်း၍ သောက်သုံးရေဂါလန် ၁၆၀၀ နှင့် သောက်ရေသန့် ၂၀ လီတာဝင်ဘူးကြီး ၅၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

---

## ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ

❖ **၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်-**

*(ယမန်နေ့မှအဆက်)*

**သေဆုံးခြင်းအကြောင်းအရာများ**

❖ နိုင်ငံ၏မျှော်မှန်းသက်တမ်းသည် ၆၆ ဒသမ ၈နှစ်ဖြစ်သည်။ မျှော်မှန်းသက်တမ်းအမြင့်ဆုံးမှာ မွန်ပြည်နယ် (၇၁ ဒသမ ၇) နှစ်ဖြစ်၍ မျှော်မှန်းသက်တမ်းအနိမ့်ဆုံးမှာ မကွေးတိုင်းဒေသကြီး (၆၀ ဒသမ ၆) နှစ်ဖြစ်သည်။

❖ တစ်နှစ်အောက်ကလေးသေနှုန်း (Infant Mortality Rate-IMR) သည် အရှင်မွေးကလေး (၁၀၀၀) တွင် ၆၂ဦးဖြစ်ပြီး၊ ငါးနှစ်အောက်ကလေးသေနှုန်း (Under 5 Mortality Rate -U5MR) သည် အရှင်မွေးကလေး (၁၀၀၀) တွင် (၇၂) ဦးဖြစ်သည်။

❖ တစ်နှစ်အောက်ကလေးသေနှုန်းအမြင့်ဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး အနိမ့်ဆုံးမှာ မွန်ပြည်နယ်ဖြစ်သည်။ ငါးနှစ်အောက်ကလေးသေနှုန်းအမြင့်ဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး အနိမ့်ဆုံးမှာမွန်ပြည်နယ်ဖြစ်သည်။

**နိုင်ငံ၏မသန်စွမ်းမှုအခြေအနေ**

❖ နိုင်ငံတွင်မသန်စွမ်းရာခိုင်နှုန်း ၄ ဒသမ ၆ရာခိုင်နှုန်းရှိသည်။

❖ မသန်စွမ်းရာခိုင်နှုန်းသည် အသက် (၄၀) အရွယ်တွင် စတင်မြင့်တက်ပြီးအသက် (၆၅) နှစ်အထက်တွင် သိသာထင်ရှားစွာ မြင့်တက်လာသည်။

❖ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မသန်စွမ်းမှုရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ပြီး မသန်စွမ်းမှုရာခိုင်နှုန်းအနိမ့်ဆုံးမှာနေပြည်တော် ဖြစ်သည်။

❖ မသန်စွမ်းမှုအမျိုးအစားများအနက် အမြင့်ဆုံးမှာ အမြင်အာရုံမသန်စွမ်းမှုဖြစ်သည်။

**အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ သုံးစွဲမှုအခြေအနေ**

❖ နိုင်ငံတစ်ဝန်း အိမ်ပိုင်ဆိုင်မှု ၈၆ ရာခိုင်နှုန်း၊ အိမ်ငှား ၇ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းအိမ်ရာတွင်နေထိုင်သူ သုံးရာခိုင်နှုန်းရှိသည်။ အိမ်ပိုင်ဆိုင်သူများမှာ သစ်အိမ်ဝါးအိမ်ဖြင့် နေအိမ်ပိုင်ဆိုင်ထားသူများကိုပါ ထည့်သွင်းတွက်ချက်ထားသည်။

❖ နေအိမ်အားလုံး၏ ၇၉ ရာခိုင်နှုန်းခန့်သည် သစ်(သို့) ဝါးဖြင့်ဆောက်လုပ်ထားကြသည်။

❖ အိမ်ထောင်စု ၃၂ ရာခိုင်နှုန်းသည် အလင်းရောင်အတွက် လျှပ်စစ်မီးကိုအသုံးပြုကြပြီး မြို့ပြတွင် လျှပ်စစ်မီးသုံးသော အိမ်ထောင်စုမှာ (၇၈)ရာခိုင်နှုန်း၊ ကျေးလက်တွင် လျှပ်စစ်မီးသုံးသောအိမ်ထောင်စု ၁၅ ရာခိုင်နှုန်းသာရှိသည်။

❖ အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသော အိမ်ထောင်စုများတွင် အမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ၆၉ ရာခိုင်နှုန်းသုံးစွဲ၍ အနိမ့်ဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး ၈ ရာခိုင်နှုန်းသာသုံးစွဲသည်။

❖ အိမ်ထောင်စု ၈၁ ရာခိုင်နှုန်းသည် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သားထင်းနှင့် ဆက်စပ်လောင်စာများကို အသုံးပြုကြသည်။

❖ အိမ်ထောင်စု ၃၁ရာခိုင်နှုန်းခန့်သည် သောက်ရေအတွက် အဓိကအရင်းအမြစ်မှာ အဝီစိတွင်းဖြစ်ပြီး အိမ်ထောင်စု ၁၁ ရာခိုင်နှုန်းသည် ရေသန့်စက်ရေသန့်ဘူးကိုအသုံးပြုသည်။

❖ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းခန့်သည် သောက်ရေအတွက် ရေကောင်းရေသန့်ကို အသုံးပြုကြသည်။

❖ အိမ်ထောင်စု ၇၄ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသော ယင်လုံအိမ်သာကို ဆောက်လုပ်သုံးစွဲကြသည်။

❖ အိမ်သာမရှိသော အိမ်ထောင်စု ၁၄ ရာခိုင်နှုန်းရှိသည်။

**ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများသုံးစွဲမှု**

❖ အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းသည် ရုပ်မြင်သံကြားစက်ရှိကြသည်။

❖ ၃၃ ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိကြသည်။

❖ အိမ်ထောင်စု ၃၉ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်ရှိကြပြီး မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးရှိသော အိမ်ထောင်စုများအနက် ၇၀ ဒသမ၂ ရာခိုင်နှုန်းသည် ကျေးလက်မှဖြစ်ပြီး ၂၉ ဒသမ ၈ ရာခိုင်နှုန်းသည် မြို့ပြမှဖြစ်သည်။

❖ သန်းခေါင်စာရင်းရလဒ်များနှင့်ပတ်သက်၍ ဖော်ပြသတ်မှတ်ထားသော Online Website များတွင် ရှာဖွေကြည့်ရှုနိုင်ပြီး ပုံနှိပ်ထားသောစာအုပ်စာတမ်းများအား တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့လည်း ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

❖ သန်းခေါင်စာရင်းလုပ်ငန်းတွင် ဂဏန်းသင်္ကေတ ကုတ်နံပါတ်များအသစ်ရေးသွင်းနေရသော အလုပ်အကိုင်၊ လုပ်ငန်းတို့နှင့် အရေအတွက်များပြားလွန်းသော လူမျိုးအမည်များကို သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြန်လည်ညှိနှိုင်းအတည်ပြုရန် လုပ်ငန်းစဉ်များရှိနေသည်။ အလုပ်အကိုင်၊ လုပ်ငန်း၊ လူမျိုး၊ ကိုးကွယ် သည့်ဘာသာတို့အား ၂၀၁၆ ခုနှစ်အတွင်းတွင် ထုတ်ပြန်ကြေညာပေးနိုင်မည်ဖြစ်သည်။

# ဝင်းစိန်တောရကျောင်း ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥက္ကဋ္ဌကေသရ၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီထားရှိမည့် စံကျောင်းတော်သို့ ပင့်ဆောင်

မုဒုံ ဇွန် ၁

**မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာအုပ်စု မြိုင်ကုန်းကျေးရွာရှိ ဝင်းစိန်တောရကျောင်း အတောင် ၄၀၀ ပြည့် ဗိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူဘုရားကြီး ဦးစီးပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥက္ကဋ္ဌကေသရ၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီထားရှိမည့် စံကျောင်းတော်သို့ ပင့်ဆောင်သည့်အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ (အောက်ပုံ)**



ထို့နောက် ဂျိုးဂျိုးကျတောရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဥက္ကဋ္ဌ ကိတ္တိဝဏ္ဏက ငါးပါးသီလ ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ တိပိဋကပုလဲရောင်ရှိ ကျောင်းတိုက် ဆရာတော် ဥက္ကဋ္ဌပါလက သံဝေဂ တရားချီးမြှင့်ခဲ့သည်။ ယင်းနောက် သာသနာရေးဝန်ကြီးဌာနက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လွှမ်းခြုံရန် ပေးအပ်လှူဒါန်းခဲ့သည့် စိန်ကတ္တီပါအား မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေ၊ ဝင်းစိန်တောရကျောင်း ဂေါပကအဖွဲ့ဝင် ဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးတို့က လွှမ်းခြုံပူဇော်ခဲ့သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနက ဆရာတော်ကြီးပျံလွန်တော်မမူခင် ဆောင်ရွက်ခဲ့သော သာသနာတော်ဆိုင်ရာ ဆောင်ရွက်ခဲ့မှုများအပေါ် ချီးကျူးဂုဏ်ပြုသည့် သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးက ဖတ်ကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေက ဈာပနအခမ်းအနား ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဆရာတော်ကြီး၏ ပျံလွန်တော်မမူခင် ဆောင်ရွက်ခဲ့သော သာသနာတော်ဆိုင်ရာ ဆောင်ရွက်ခဲ့မှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပင့်သံဃာတော်များအား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေက ဆောက်လုပ်လျက်ရှိသော အတောင် ၆၀၀ ပြည့် လျောင်းတော်မူဘုရားကြီးအား ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် ဘုရားကြီး တည်ဆောက်ရာတွင် ပြီးဆုံးသည်ထိ လိုအပ်မည့်ဘိလပ်မြေများ အကုန်အကျခံလှူဒါန်းမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝင်းစိန်တောရကျောင်းမှ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥက္ကဋ္ဌကေသရ၏ သားတွေးဖြစ်သူ ဥက္ကဋ္ဌကေတုလာက ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းအား ဖတ်ကြားပြီးနောက် ဆရာတော်၏ ရုပ်ကလာပ်တော်အား တပည့်သံဃာတော်များ ဦးဆောင်ပြီး ယာယီစံကျောင်းသို့ ပင့်ဆောင်ပူဇော်ထားရှိကာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ထီးဖြူတော်ဖွင့် ပူဇော်ထားရှိကြောင်း သိရသည်။

**မိုးစန္ဒာ(iprd)**

# လမ်းသွယ်လေးအတွင်း ကွန်ဒိုများတည်ဆောက်နေခြင်းကို လမ်းသူလမ်းသားများကန့်ကွက်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံလမ်းသွယ်သည် အရှည်ပေ ၁၅၀၀ နှင့် လမ်းအကျယ်အဝန်း ပေ ၂၀ သာရှိသော တစ်ဖက်ပိတ်လမ်းတိုဖြစ်ပြီး အိမ်ခြေ ၁၇ လုံးသာရှိသော လမ်းတစ်ခုဖြစ်သည်။ ယခုအခါ အဆိုပါလမ်းသွယ်လေးတွင် ကွန်ဒိုမီနီယမ်များကို ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ ခွင့်ပြုချက်မဲ့ဖြင့်လည်းကောင်း ဆောက်လုပ်လျက်ရှိခြင်းကြောင့် အိမ်ခြေ ၁၀ ခုမှ မိသားစုများက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ဝန်တို့ထံ မေ ၃၁ ရက်က ကန့်ကွက်လွှာများ တင်ပြထားကြောင်း သိရသည်။

"ကွန်ဒိုတည်ဆောက်ဖို့အတွက် လတ်တလောမှာ တရားဝင်တည်ဆောက်နေတာရှိသလို တည်ဆောက်ခွင့်ပြုမိန့်မကျသေးဘဲနဲ့ အိမ်ကိုပိုင်ရိုက်တဲ့အတွက် ကပ်လျက်ခြံက အုတ်တံတိုင်းတွေနဲ့ နေအိမ်ပတ်လည်ကြမ်းခင်းတွေ အက်ကွဲတာတွေ ဖြစ်ပေါ်ခဲ့တယ်။ ဒါတင်မကသေးပါဘူး ၂၀၁၄ခုနှစ်တုန်းကလည်း မြေအောက်နှစ်ထပ် အထပ်မြင့်ရှစ်ထပ်နဲ့ အခန်းပေါင်း ၆၀ ကျော်ပါဝင်တဲ့ ကွန်ဒိုတစ်လုံး ဆောက်လုပ်ဖို့မြေတူးရာမှာ ပတ်ဝန်းကျင်မြေပြိုမှု ဖြစ်ပွားခဲ့ပါသေးတယ်။ အခုလည်း ထပ်မံခွင့်ပြုလိုက်တဲ့ အဆောက်အအုံတွေရှိသလို ခွင့်ပြုမိန့်မရသေးဘဲနဲ့ ဆောက်လုပ်ဖို့ ကြိုးစားနေတာတွေလည်း မြင်တွေ့နေရတာမို့ သက်ဆိုင်ရာကို ကန့်ကွက်စာတင်ရတာဖြစ်ပါတယ်"ဟု ဆရာစံလမ်းသွယ်တွင်နေထိုင်ကာ ကန့်ကွက်စာတင်သွင်းရန် လက်မှတ်ထိုးခဲ့သူတစ်ဦးက ပြောကြားသည်။



ပိုင်ရိုက်ခြင်းကြောင့် ကွဲအက်နေသည့် အုတ်တံတိုင်းတစ်ခု။

အဆိုပါ လမ်းသွယ်သည် လမ်းကျဉ်းမြောင်းပြီး လမ်းအရှည်တိုတောင်းလွန်းလှသဖြင့် အိမ်ခြေ ၁၇ ခုသို့ ဝင်ရောက်သွားလာသည့် ကားများပင် နှစ်စီးရှောင်ကာ မောင်းနှင်ရန် အခက်အခဲရှိသည့် လမ်းသွယ်တစ်ခုဖြစ်ကြောင်း၊ ကွန်ဒိုမီနီယမ်များ တည်ဆောက်သဖြင့် အခန်းများစွာ တိုးပွားလာပါက ဖြတ်သန်းသွားလာရန် အခက်အခဲရှိနိုင်သည့်အပြင် လက်ရှိတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့နေရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ နေ့၊ ည တည်ဆောက်နေမှုကြောင့် နားမခံသာအောင်ပင် ဆူညံမှုများကို အချိန်ပြည့်ခံစားနေရကြောင်း လမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

"ဖို့မြေတွေဖြစ်တဲ့အတွက် ပိုင်ရိုက်လိုက်တဲ့အခါ မြေပြိုကျခဲ့ဖူးတယ်။ လမ်းတွေလည်း ဆောက်လုပ်ရေးလုပ်ငန်းသုံး မော်တော်ကားတွေကြောင့် ပြင်ထားတာမှမကြာသေးဘူး နိမ့်ကျပျက်စီးနေပြီ။ လူနေထူထပ်ဖို့အတွက် နေရာအခက်အခဲရှိနေတာကို ချင့်ချိန်စဉ်းစားပြီးမှ အထပ်မြင့်ဆောက်လုပ်ခွင့် ပေးသင့်ပါတယ်။ အခုတော့ တရားဝင်ဆောက်လုပ်ခွင့်နဲ့ လုပ်ကိုင်နေတာ သုံးလုံးရှိပါပြီ။ ဒီကနေတိုးပွားလာမယ့် မိသားစုတွေရဲ့ မော်တော်ယာဉ်တွေနဲ့ လမ်းအရှည်နဲ့မမျှအောင် များပြားလာမယ့် အိမ်ထောင်စုတွေအရေးကို ထည့်သွင်း စဉ်းစားပေးစေလိုပါတယ်။ ဒါ့အပြင် ခွင့်ပြုချက်တောင်းခံထားမှုမရှိဘဲ ပိုင်ရိုက်ပြီး မြေတူးဖို့ ကြိုးစားနေတဲ့မြေနေရာ နှစ်ခုအထိရှိလာပြီး ခွင့်ပြုမိန့်မရှိဘဲ တည်ဆောက်ဖို့ ပြင်ဆင်နေပါတယ်။ အခုတောင် ပိုင်ရိုက်တဲ့မြေနေရာရဲ့ ဘေးမှအိမ်ခြံကမိသားစုတွေ နေထိုင်ရေး အခက်အခဲရှိလာတယ်"ဟု လမ်းနေပြည်သူတစ်ဦးက ပြောသည်။

ယခင်က ပတ်ဝန်းကျင် မြေပြိုခဲ့သည့် မြေနေရာတွင် တည်ဆောက်မှုများကို သက်ဆိုင်ရာကစုံစမ်းစစ်ဆေးကာ အရေးယူခဲ့ပြီး ခွင့်ပြုထားခဲ့သော်လည်း စည်ပင်ဥပဒေနှင့် နည်းဥပဒေတို့အရ ထိရောက်သည့် အရေးယူမှုများ အားနည်းခဲ့သည့်အပြင် ယခုအခါ ဥပဒေမဲ့ တရားမဝင်ဆောက်လုပ်နေသည်များရှိလာသည်ကို စုံစမ်းဖော်ထုတ်ကာ ကွန်ဒိုမီနီယံ ထပ်မံဆောက်လုပ်ခွင့် မပြုရန်အတွက် ဒေသခံများက ကန့်ကွက်တင်ပြထားခြင်းဖြစ်သည်ဟု သိရသည်။

**ခင်ရတနာ**

## စွန့်လွှတ်မြေများ လွှဲပြောင်းပေးအပ်မှု မီဒီယာများရှင်းလင်း

**ရေတာရှည် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တပ်မတော်မှ သိမ်းဆည်းလယ်ယာမြေများ စွန့်လွှတ်၍ တောင်သူများအား ပြန်လည်ပေးအပ်ခြင်းနှင့် တိုးတက်မှုအခြေအနေနှင့် ပတ်သက်ပြီး သတင်းမီဒီယာသို့ ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က မြို့နယ်အတွင်း ဆွာမင်းလမ်းကျေးရွာအုပ်စု ဆွာထင်းကြိုးဝိုင်း ၁၊ ၂၊ ၃၊ ၄၊ ၅ ကွင်းများရှိတပ်မတော်မှ သိမ်းဆည်းလယ်မြေဧက ၁၈၃၀ အနက် ၁၀၈၄ ဒသမ ၈၅ ဧကကို ပြန်လည်စွန့်လွှတ်ကာ ဒေသခံတောင်သူများအား ပေးအပ်ခဲ့ပြီး ရေတာရှည်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီက ကွင်းဆင်းစိစစ်၍ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် ပုံစံ(၃)ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ကိုလွင်(ဆွာ)**

# အဆင့်မီသော ပုံနှိပ်လုပ်ငန်းရှင်များဖြစ်အောင်ကြိုးပမ်း၊ ဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနေ

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ၂၀၁၄-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်သက်တမ်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းဟန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကားပြောကြားရာတွင် "လုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ လုပ်ငန်းနှင့်ဆက်စပ်သည့် စာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါသဖြင့် ဂုဏ်ယူပါကြောင်း၊ အသင်းကြီးသည် ဝါသနာ၊ စေတနာ၊ အနစ်နာကို အခြေခံပြီး မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနေခြင်းဖြစ်သည်ဟု ခံယူပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်းများ၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို သတ်မှတ်သော စည်းမျဉ်း၊ စည်းကမ်းအချက်အလက်များပြည့်စုံပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း" ဖြင့် ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းနာယက ဦးမောင်မောင်က အမှာစကားပြောကြားပြီး အသင်းမှ နီပေါလျှင် သဘာဝဘေးဒဏ်ခံရသော ဒုက္ခသည်များအတွက် အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းသို့ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အသင်းသားများက မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသို့ အလှူငွေကျပ် ၂၉ သိန်းခွဲကို ပေးအပ်လှူဒါန်းပြီးနောက် တက်ရောက်လာသည့် အသင်းသားများက အသင်းအဖွဲ့မှတ်တမ်းနှင့် အသင်းအဖွဲ့ စည်းမျဉ်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် သဘောထားဆန္ဒမဲခံယူခြင်း၊ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြသည်။




**(သတင်းစဉ်)**

# ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မီဒီယာများအားတွေ့ဆုံရှင်းလင်း

**နေပြည်တော် ဇွန် ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်လက် နည်းပညာဝန်ကြီးဌာန၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များ၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖော်ဆောင်နေမှုများ၊ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၏ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုမူဝါဒနှင့်အညီ ပြောင်းလဲဖွဲ့စည်းမှုများအား ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့ဌာနသည် အခန်းကဏ္ဍတစ်ခု၌ ပါဝင်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍသည် မဖြစ်မနေပါဝင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးချင်း၏ အကျိုးစီးပွားရေးကို တိုက်ရိုက်ဖြစ်ထွန်းစေသည့် ကဏ္ဍလည်းဖြစ်ပါကြောင်း၊ မိမိတို့ဌာနတွင် ယခုအခါ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာ့စာပို့တိုက်လုပ်ငန်းဟူ၍ ဌာနလေးခုဖြင့် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်းနှင့်ဝန်ကြီးရုံး၌ ဌာနခွဲငါးခုရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သည့် ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပညာပြန်ကြားရေးဌာနခွဲသည် ပြည်သူတို့၏ သဘောထားဆန္ဒဖြစ်ရပ်မှန်များအား နိုင်ငံတော်၏ ရည်မှန်းချက်နှင့် လုပ်ကိုင်ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည် သဘောပေါက်စေနိုင်ရန် ဆောင်ရွက်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင်ရှိသည့် Media Contact Person များနှင့် သတင်းမီဒီယာများအကြား ပူးပေါင်းလက်တွဲပြီး ဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများအား ပွင့်လင်းမြင်သာစွာ ပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် သတင်းမီဒီယာများမှ သိရှိလိုသော မေးခွန်းများအား အသီးသီး မေးမြန်းကြရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြောကြားခဲ့သည်။ မီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ဇွန် ၂ ရက် မြန်မာဘောလုံးအသင်းများယှဉ်ပြိုင်မှု MRTV News, Entertainment Channel နှင့် ရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

| | |
|---|---|
| ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (မြန်မာနှင့် ယူကရိန်း) | နံနက် (၇) နာရီ (၁၀) မိနစ် |
| ယူ-၂၃ အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ (မြန်မာနှင့် အင်ဒိုနီးရှား) | ညနေ (၆) နာရီ (၃၅) မိနစ် |

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ည ၈ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသပါမည်။


## ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဘရာဇီးနှင့်ဂျာမနီ အနိုင်ရ

ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲများကို နယူးဇီလန်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ယနေ့ ပြိုင်ပွဲများအဖြစ် အုပ်စု(င)မှ နိုင်ဂျီးရီးယားနှင့် ဘရာဇီးတို့ပွဲတွင် ဘရာဇီးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဟန်ဂေရီက မြောက်ကိုရီးယားကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အုပ်စု(စ)မှ ဂျာမနီနှင့်ဖီဂျီတို့ပွဲတွင် ဂျာမနီလူငယ်များခြေစွမ်းပြပြီး ဖီဂျီအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဟွန်ဒူးရပ်စ်နှင့် ဉဇဘက်ကစ္စတန်တို့ပွဲတွင် ဟွန်ဒူးရပ်စ်က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မေ ၃၁ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စု(ဂ)ပွဲစဉ်များတွင် ကိုလံဘီယာက ကာတာကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါ်တူဂီက ဆီနီဂေါကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး အုပ်စု(ဃ)ပွဲစဉ်တွင် မာလီက မက္ကဆီကိုအား နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရကာ ဥရုဂွေးက ဆားဘီးယားကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။

**သီဟ-ရေးသည်**

# တောင်ငူတက္ကသိုလ်(ကြို/ပို့)ယာဉ်တစ်စီး တိမ်းမှောက် ကျောင်းသူ ၂၈ ဦး လိုက်ပါလာရာ ၂၅ ဦး ဒဏ်ရာရ

**တောင်ငူ ဇွန် ၁**

ဇွန် ၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တောင်ငူမြို့ လဲဘူးကျေးရွာအုပ်စု ကောင်းမှုတော်ရွာသစ်နှင့် အမြန်လမ်းမကြီးကို ဆက်သွယ်ထားသော ကွန်ကရစ်လမ်းတို့ ဆုံရာ လမ်းဆုံအနီးတွင် တောင်ငူတက္ကသိုလ် (ကြို/ပို့)ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အမြန်လမ်းမကြီးနှင့် ပုံမှန်လမ်းဟောင်းတို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်းအတိုင်း အမြန်လမ်းမကြီးဘက်မှ ပုံမှန်လမ်းဟောင်းဘက်သို့ ယာဉ်မောင်းမြင့်လွင်(၄၄ နှစ်) (၂)ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်ပြီး တောင်ငူတက္ကသိုလ်ကျောင်းသူ ၂၈ ဦး လိုက်ပါစီးနင်းလာသည့် လိုက်ထရပ်အဖြူရောင်ယာဉ်သည် အဆိုပါနေရာ လမ်းဆုံအနီးသို့အရောက်တွင် လမ်းပေါ်ပြေးတက်လာသည့် ခွေးတစ်ကောင်ကို ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏မြောက်ဘက်ဘေးသို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ကားပေါ်တွင် လိုက်ပါလာသည့် တောင်ငူတက္ကသိုလ် ကျောင်းသူ ၂၈ ဦးအနက် ၂၅ ဦးသည် ဒဏ်ရာများ ရရှိခဲ့၍ တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

"ဦးခေါင်းထိထားတဲ့ ကျောင်းသူတွေကိုတော့ ဓာတ်မှန်ရိုက်ထားပြီး ၂၄ နာရီ စောင့်ကြည့်ရမယ်၊ ညှပ်ရိုးကျိုးသွားတဲ့ကျောင်းသူတွေတော့ ရှိတယ်၊ စိုးရိမ်ရတဲ့ အခြေအနေတော့ မရှိဘူး၊ ကျောင်းသူသုံးဦးကတော့ စောင့်ကြည့်ရမယ့် အခြေအနေရှိတယ်" ဟု တာဝန်ရှိသူ ဆရာဝန်တစ်ဦးက ရှင်းပြ၍ သိရသည်။

ဆေးရုံသို့ ရောက်ရှိနေသည့် ကျောင်းသူများထံသို့ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လာရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအား တောင်ငူမြို့ အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# နယ်စပ်ကုန်သွယ်မှု ပုံမှန်ထက် ပိုမြင့်တက်၊ မိုးမကျခင် ကုန်စည်တင်သွင်းမှုများပြား

**ရန်ကုန် ဇွန် ၁**

မိုးရာသီကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနိုင်မှုကြောင့် ယခုရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ပို့ကုန်သွင်းကုန်များ ပိုမိုကွက်စိပ်လာကြောင်း သိရသည်။

အိမ်နီးချင်းအဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ကုန်စည်ကူးသန်းရာတွင် ယမန်နှစ်ကထက် များပြားလာနေပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့နှင့် ကုန်သွယ်မှုမှာ ပုံမှန်အခြေအနေသာ ရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထိုင်းနိုင်ငံမှ အဓိကသွင်းကုန်များအဖြစ် ယာဉ်၊ ယန္တရားနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဘိလပ်မြေများနှင့် စားသောက်ကုန်များကို ယခင်လကထက် ပိုမိုတင်သွင်းလျက်ရှိပြီး ရေထွက်ကုန်စည်များ ပြန်လည်တင်ပို့မှုမှာလည်း ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။

"ရေထွက်ကုန်က ဒီနှစ်တင်ပို့မှုများတယ်။ လုပ်ငန်းရှင်အများစုကလည်း တင်ပို့တဲ့စနစ်က ပိုပြီးအဆင့်အတန်းမြင့်လာတဲ့အတွက် စားသုံးသူတွေ ပိုကြိုက်ကြတယ်။ နယ်စပ်စခန်းတွေလည်း ပိုပြီးတွင်ကျယ်လာတဲ့အတွက် ပို့ကုန်မြင့်တက်လာတယ်။ အခုဆိုရင် မြဝတီ၊ ကော့သောင်းနဲ့ မြိတ်စခန်းတွေကနေ ရေထွက်ကုန်အပြင် လယ်ယာထွက်ကုန်တွေကိုပါ အဆင်ပြေပြေနဲ့တင်ပို့နေရတယ်"ဟု မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူက ဖုန်းဖြင့် ဖြေကြားသည်။

လက်ရှိတွင် ထိုင်းနိုင်ငံနှင့်အပြန်အလှန်ကုန်သွယ်မှုမှာ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ငါးသန်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ၄၃ သန်းနှင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ခြောက်သန်းကျော်၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ၁၄သန်းကျော်၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ တစ်သန်းကျော်ခန့်ရှိနေပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတို့တွင်လည်း ကုန်သွယ်မှုမြင့်တက်လာလျက်ရှိကြောင်း ဝန်ကြီးဌာန သတင်းအချက်အလက်များအရ သိရသည်။ အဓိက နယ်စပ်ကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံသို့လည်း တစ်လကျော်အတွင်း နယ်စပ်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၂၇၀ အထိရှိလာပြီး အများဆုံးကုန်သွယ်မှုပြုနေသည့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ၂၃၂ သန်းအထိရှိကာ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှာလည်း ယခင်လထက် ကုန်သွယ်မှုများပြားကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများနှင့်လည်း ကူးသန်းရောင်းဝယ်မှုပုံမှန်ရှိနေပြီး မိုးရာသီတွင် အနည်းငယ်ကျဆင်းနိုင်ကြောင်း ကုန်သည်များထံမှ သိရသည်။

"မူဆယ်မှာတော့ တရားမဝင်တင်ပို့မှုကို တရုတ်ဘက်က ဖမ်းဆီးနေတဲ့ကြားကပဲ ဆန်တင်ပို့မှုက မြင့်တက်လာတာဖြစ်ပါတယ်။ တင်သွင်းမှုထဲမှာတော့ စားသောက်ကုန်၊ အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတွေ အများဆုံးရှိလာတယ်။ မိုးတွင်းကာလဖြစ်တော့မှာမို့ ကုန်သည်တွေ ကုန်ဝယ်စုတာကြောင့် ယခင်ကာလတွေထက် ကုန်သွယ်မှုပိုရတယ်"ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ခင်ရတနာ**

---

# စတော့အိတ်ချိန်း ဝန်ဆောင်မှုလိုင်စင်များ ဇွန်လအတွင်း ချထားပေးမည်

**ရန်ကုန် ဇွန် ၁**

စတော့အိတ်ချိန်း ဝန်ဆောင်မှုကုမ္ပဏီများအား ယခုလအတွင်း လုပ်ငန်းလိုင်စင်များ ချထားပေးရန် စီစဉ်လျက်ရှိကြောင်းနှင့် လာမည့်အောက်တိုဘာလတွင် ရန်ကုန်မြို့၌ စတော့အိတ်ချိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးစားလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"စတော့အိတ်ချိန်း ဝန်ဆောင်မှုကုမ္ပဏီတွေကို အခုဇွန်လအတွင်းမှာ လိုင်စင်ခွင့်ပြုပေးမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ စတော့အိတ်ချိန်းတွေကို အများပိုင်ကုမ္ပဏီတွေက ရောင်းချလိုတဲ့ အစုရှယ်ယာပမာဏကို တာဝန်ယူဖြန့်ပေးရမယ့် Under Writer ကုမ္ပဏီတွေကို ပထမဆုံး လိုင်စင်ခွင့်ပြုပေးမှာဖြစ်ပါတယ်"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

စတော့အိတ်ချိန်း ကြားခံဝန်ဆောင်မှုကုမ္ပဏီ လိုင်စင်များ လျှောက်ထားမှုကို ဇန်နဝါရီလအတွင်းက စတင်၍ လျှောက်လွှာခေါ်ယူခဲ့ပြီး ၅၇ စောင်ရှိခဲ့ကြောင်း၊ အဆိုပါလျှောက်လွှာများမှ စိစစ်ရွေးချယ်ကာ ယခုလအတွင်း လိုင်စင်များချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စတော့အိတ်ချိန်းဝန်ဆောင်မှုတွင် ရောင်းချလိုသော အစုရှယ်ယာပမာဏကို အများပိုင်ကုမ္ပဏီများက တာဝန်ယူဖြန့်ဝေပေးရမည့်လိုင်စင်(Under Writer)၊ အစုရှယ်ယာ ဝယ်ရောင်းလိုင်စင် (Dealer)၊ ဝယ်ရောင်းလိုင်စင်(Broker) နှင့် အကြံပေးလိုင်စင် (Consulting/Advisor) ဟု အမျိုးအစားလေးမျိုးရှိသည့်အနက် Under Writer လိုင်စင်ကို ပထမဆုံး ထုတ်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်သည့် အိုင်တီနည်းစနစ်များကို ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သဖြင့် ပထမဆုံး ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

စတော့အိတ်ချိန်း အဆောက်အအုံကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ရှိ ယခင်ဘဏ်အဆောက်အအုံ၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**အေးနိုင်**



# အိမ်ခြေ ၁၇၀၀ အတွက် မီးသတ်ဆေးဘူးများ ပေးအပ်

**ရန်ကုန် ဇွန် ၁**

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း မီးဘေးလုံခြုံရေးအတွက် နေအိမ်တိုင်းမီးသတ်ဆေးဘူးထားရှိနိုင်ရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်မှ အိမ်ခြေ ၁၇၀၀ အတွက် မီးသတ်ဆေးဘူးများကို အဆိုပါရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ မေ ၃၁ ရက်က ပေးအပ်ခဲ့ကာ ဆေးဗူးအသုံးပြု မီးငြိမ်းသတ်နည်းများကိုလည်း လက်တွေ့သရုပ်ပြခဲ့သည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်အရ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော မီးသတ်ဆေးဘူးများကို ရပ်ကွက်နေပြည်သူများထံ ပေးအပ်ခြင်းဖြစ်ကြောင်း၊ အိမ်ခြေ ၂၂၀၀ ရှိသည့်အနက် အိမ်ခြေ ၅၀၀ အတွက်ကို ပေးအပ်ထားပြီးဖြစ်၍ ကျန်အိမ်ခြေ ၁၇၀၀ အတွက် ဆက်လက်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်ဆေးဘူးများပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါ၊ အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများထံ မီးသတ်ဆေးဘူးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သွန်းဝသန်**

---

# မြို့ပတ်ရထားနှင့် ကားလမ်းဆုံဂိတ်များကို လျှောတံခါးများဖြင့် အစားထိုးမည်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားလမ်းတစ်လျှောက်မှ ရထားလမ်းနှင့် ကားလမ်းဆုံနေရာများ၌ တပ်ဆင်ထားသည့် မောင်းတံနှင့် ဖွင့်ပိတ်ရသော တံခါးများနေရာတွင် လျှောတိုးတံခါးများကို ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လူနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် ရထားလမ်းနဲ့ ကားလမ်းဆုံတဲ့ အရေးကြီးဂိတ် ၂၁ ဂိတ်မှာ ဖွင့်ပိတ်ဖို့လွယ်တဲ့ လျှောတံခါးတွေကို ယခုဘဏ္ဍာနှစ်အတွင်း ပြောင်းလဲတပ်ဆင်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ ရန်ကုန်မြို့ မြို့ပတ်ရထားလမ်းသည် အရှည် ၂၉ ဒသမ ၅ မိုင်ရှိပြီး အဓိကဘူတာပေါင်း ၅၅ ခုရှိကာ မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် ကားလမ်းနှင့် ဆုံသည့်ဂိတ် စုစုပေါင်း ၆၅ ခုရှိသည့်အနက် ယာဉ်အသွားအလာများသည့် ၂၁ ခုတွင် ဦးစားပေး ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် မြို့ပတ်ရထားများကို အဆင့်မြှင့်တင်၍ ခရီးသည်များအား ဝန်ဆောင်မှုပေးလျက်ရှိရာ ရထားစီးခရီးသည်ဦးရေမှာ တိုးတက်လာလျက်ရှိသည်။ ရန်ကုန်မြို့တွင် မောင်းနှင်နေသော ယာဉ်စီးရေမှာလည်း တိုးတက်များပြားလာနေသဖြင့် ရထားလမ်းနှင့် ကားလမ်းဆုံနေရာများ၌ ရထားနှင့် ကားများမတော်တဆထိခိုက်မှု မရှိစေရေးအတွက် လမ်းဆုံဂိတ်များကို ပိုမိုကောင်းမွန်အောင် ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားသည် မြို့ပတ်ရထားဝန်ဆောင်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပြီး အဆင့်မြှင့်တင်မှုများကို ပြုလုပ်လျက်ရှိရာ ရထားများကို အဲယားကွန်းရထားများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းတစ်လျှောက်နှင့် ဘူတာရုံများကို သန့်ရှင်းသပ်ရပ်စေရန် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေသည်။ လမ်းဆုံဂိတ်များတွင် လျှောတံခါးများ ပြောင်းလဲတပ်ဆင်ခြင်းသည်လည်း ရန်ကုန်မြို့ပတ်ရထားများ အဆင့်မြှင့်တင်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် လူနှင့်ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်လည်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

---


## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## အရောင်းဆိုင်ခန်းများနေရာချထားရေးကော်မတီ
## အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ လျှောက်ထားရန် အသိပေးကြေညာချက်
## ၂၀၁၅ ခုနှစ် မေ ၂၉ ရက်

၁။ (၅၂)ကြိမ်မြောက်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၄-၆-၂၀၁၅ ရက်မှ ၆-၇-၂၀၁၅ရက်ထိ ကျင်းပပြုလုပ်ပါမည်။

၂။ ဖော်ပြပါပြပွဲတွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းဆိုင်ခန်းများ၊ အခြားကြော်ငြာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ ပြပွဲခန်းမ ပြင်ပဝင်းဧရိယာအတွင်း ရေသန့်နှင့်အအေးဆိုင်များ ဖွင့်လှစ်ရောင်းချလိုသူများသည် ဆိုင်ခန်းနေရာရရှိရေးအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း (ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်) ရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၃။ ဆိုင်ခန်းနေရာများကို ၁၀-၆-၂၀၁၅ ရက်နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)၌ ၁၅-၆-၂၀၁၅ ရက်တွင် မဲစနစ်ဖြင့် ချထားပေးပါမည်။

၄။ ဆိုင်ခန်းနေရာချထားရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၆၅၈၁၄၈၊ ၀၁-၆၅၈၁၅၀၊ ၀၆၇-၄၃၂၃၈၁၊ ၀၂-၂၄၇၇၉၊
ဖက်စ်-၀၁-၆၆၃၁၁၉၊ ၀၁-၆၆၃၀၈၀၊ ၀၆၇-၄၃၂၃၈၄

အရောင်းဆိုင်ခန်းများနေရာချထားရေးကော်မတီ



ရွှေကြေးစည် မှ (ကျိုက္ကမီ၊ မော်လမြိုင်၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ တောင်ကြီး၊ အင်းလေး။ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလှိုဏ်ဂူ။
▲ ပုဂံ၊ ပုပ္ပါး၊ ဇွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍- မန္တလေး၊ ပြင်ဦးလွင် အနှံ့။
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပိုတောင်၊ ဝင်းစိန်တောရ လက်မှတ်ရောင်း/စင်းလုံးငှား
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်-သောကြာ၊စနေ၊တနင်္ဂနွေ
ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (တိုင်းဒေသကြီးရန်ပုံငွေ)ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေကြီးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၁-၆-၂၀၁၅ ရက်မှ ၂၉-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၉-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့။

ဖုန်း-၀၂-၇၈၆၅၄၊ ၇၈၆၅၅ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**



ချစ်ခင်ပွန်း သူရကိုကို အတွက် (၂၆)နှစ်ပြည့်မွေးနေ့ဆုတောင်း

ချစ်လှစွာသော ခင်ပွန်း သူရကိုကို (စိန်ငွေချေးလုပ်ငန်း၊ အမှတ်(၈၉၂)၊ ငမိုးရိပ်(၁)လမ်း၊ သဃ်န်းကျွန်းမြို့နယ်) ၏ ၂-၆-၂၀၁၅ ရက်တွင် ကျရောက်သော (၂၆)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသူများနှင့်အတူ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစွာဖြင့် နေထိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်.....

ချစ်ဇနီး - ဝတ်ရည်လှိုင်ဝင်း
ချစ်သမီး - Aria အိမ့်ခြူးကို



ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄ မှ ၈တန်းထိ Guide များအိမ်လိုက်သင်သည်။
ဇွန်လ(၃/၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


## အမည်မှန်

ဦးမြဟိန်း ၁/ကမန(နိုင်)၀၀၄၆၅၃ ၏သမီး ဖားကန့်မြို့နယ်၊ ယူမာကျေးရွာ အမက(မူလွန်)ကျောင်း ဆဋ္ဌမတန်း(အောင်)မှ မစန်းစန်းကြည်၏ အမည်မှန်မှာ မဂျာစင်နာ ဖြစ်ပါကြောင်း။ **မဂျာစင်နာ**

## မိဘအမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်းအထက၊ သတ္တမတန်း(E)အောင်မှ မောင်ဖြိုးဖြိုးဇော်၏ မိဘအမည်မှန်မှာ ဦးမြင့်လှိုင်း ၅/ဒပယ(နိုင်)၀၆၅၉၇၀ နှင့် ဒေါ်ခင်မြ ၅/ရဉန(နိုင်)၀၃၉၈၉၄ ဖြစ်ပါကြောင်း။

# ဘက်စုံအသုံးဝင် ဂလီရိစီဒီယား(ခေါ်) ပဲချယ်ရီပင်

မောင်ဇီဝ

**အပင်အမျိုးအစား**

အမြစ်ရှည်လျားသော ပဲနွယ်ပင်မျိုးဖြစ်သည်။ အပင်အရွယ်မှာ အပင်အလတ်စားမျိုးဖြစ်သည်။ အကိုင်းများမှာ ရှည်လျားကွေးညွတ်ပြီး အရွက်ပေါ်သော ကိုင်းငယ်များပါဝင်သည်။ အရွက်မှာ အစိမ်းရင့်ရောင်ရှိသည်။ အပွင့်မှာ ခရမ်းရောင်နှင့် ပန်းရောင်ဆန်သော အရောင်ရှိပြီး လူတို့ စားသုံးနိုင်သည်။ အသီးသည် အစိမ်းရောင်ပျော့သော ၁၀ စင်တီမီတာ လေးလက်မခန့် ရှည်လျားသည့် အတောင့်ဖြစ်ပြီး အညိုရောင်အစေ့ ၈-၁၀ ခန့်ပါသည်။

**အသုံးဝင်မှု**

ခြံစည်းရိုးပင်၊ လေကာပင်အဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးတွင် ရွက်စိမ်းမြေဩဇာအဖြစ် လည်းကောင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အစာအဖြစ် လည်းကောင်း အသုံးပြုနိုင်ပါသည်။

**နှစ်သက်သောမြေအမျိုးအစားနှင့်ရာသီဥတု**

အရည်အသွေးညံ့ဖျင်းသော မြေနှင့်အက်စစ်ဆန်သော မြေများ၌ အပင်ပေါက်ရောက်နိုင်၏။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၃၉၀၀ ရှိသော အရပ်များ၌ ပေါက်ရောက်နိုင်သည်။ ခြောက်သွေ့သော ရာသီဥတုကို ကာလရှည်လျားစွာ ခံနိုင်ရည်ရှိသော်လည်း ထိုကာလအတွင်း ရင့်သောအကိုင်းများမှ အရွက်များ ကြွေတတ်ပါသည်။ သို့ရာတွင် ရေဝပ်သောမြေကို နှစ်သက်ခြင်းမရှိပါ။ မြေဆီဩဇာကောင်းသော မြေများ၌ ကောင်းစွာဖြစ်ထွန်းပါသည်။

**ပျိုးထောင်မှုစနစ်**

အစေ့မှသော်လည်းကောင်း၊ ကိုင်းဖြတ်များဖြင့်သော်လည်းကောင်း အပင်အဖြစ် ပျိုးထောင်နိုင်သည်။ ကိုင်းဖြတ်ခြင်းဖြင့် ပျိုးထောင်လျှင် အပင်ဖြစ် လျင်မြန်သည်။ မိုးဦးကျတွင် သုံးပေ၊ လေးပေ ရှည်သော ကိုင်းများကို ခြောက်လက်မအနက်တွင် ထိုး၍စိုက်နိုင်သည်။ မြေသားအတွင်းစိုက်မည့်ဘက် ကိုင်းကို ခပ်စောင်းစောင်းဖြတ်ရပါသည်။ စိုက်ပျိုးသောကိုင်း၏ နုရင့်မှုနှင့်အရွယ်အစားကိုလိုက်၍ သုံးလေးပတ်အကြာတွင် ကိုင်းများမှ ရွက်နုများ ထွက်လာပါသည်။

နှစ်လသားမှ ခြောက်လသားအရွယ်ရှိ အပင်၏ ကိုင်းများကို စိုက်ပျိုးနိုင်သော်လည်း ခြောက်လအထက် အသက်ရှိသော အပင်ကိုင်းများမှာ ပို၍ဖြစ်ထွန်းလွယ်၏။ အိုလွန်းသော အပင်ကိုင်းများမှာ အထနှေးကွေး၏။ အသက်အရွယ်တူသော အပင်တစ်ခုတည်းမှ လုံးပတ်ထွားသောကိုင်းသည် ပို၍ဖြစ်ထွန်းမှု မြန်သည်။ စိုက်ပျိုးမည့်ကိုင်း၏အရှည်မှာ သုံးပေခန့် ရှိသင့်ပါသည်။ စတင်ကိုင်းဖြာထွက်မှုနှင့် အပင်ကြီးထွားမှုမှာ ကိုင်းတံတိုလျှင်ဖြစ်ထွန်းမှု နှေးတတ်ပါသည်။ ကိုင်းမှ ရေငွေ့ပျံမှုနှေးစေရန် ကိုင်း၏ထိပ်ပိုင်းကို ပလတ်စတစ်စဖြင့် ဖုံးအုပ်ပေးရပါသည်။

**ရွက်စိမ်းနှင့် အခြောက်ပစ္စည်း (Green& Dry matter) ထွက်ရှိမှု**

အရွက်ထွက်ရှိမှုသည် အပင်၏အသက်၊ အပင်၏ အရွယ်အစားနှင့် ရာသီဥတု ရေမြေအနေအထားပေါ်မူတည်သည်။ အပင်ဖြစ်စနှစ်ဦးပိုင်းတွင် အကိုင်းများကို မကြာခဏချိုင်ပေးခြင်းသည် နောက်ပိုင်း နှစ်များတွင် အထွက်နှုန်းကျဆင်းတတ်သည်။ သို့အတွက် ပထမ ၂-၃ နှစ်ပိုင်းတွင် တစ်ကြိမ်နှစ်ကြိမ်သာ ခုတ်ဖြတ်ပေးသင့်ပါသည်။ သို့မှသာ ရေရှည်တွင် အပင်ဖွံ့ဖြိုးမည် ဖြစ်ပါသည်။ အထွက်နှုန်းအမြင့်မားဆုံးရရှိစေရန် တစ်နှစ်လျှင် သုံးကြိမ်ရိတ်ဖြတ်ပေးရပါသည်။ တစ်ဟက်တာ (၂ ဒသမ ၄ ဧက) မီတာ ၄၀၀ ပတ်လည်ကျယ်သော မြေကွက်ပတ်လည်တွင် စိုက်ပျိုးထားသော အပင်များကို သုံးလ တစ်ကြိမ် ရိတ်ဖြတ်ပေးခြင်းဖြင့် အကိုင်းနှင့်အရွက် စုစုပေါင်း ကီလိုဂရမ် ၉၀၀၀ ခန့် သို့မဟုတ် ပိဿာ ၅၀၀၀ ကျော်ထွက်ရှိပြီး ၎င်းမှအရွက်စုစုပေါင်း ၅၀၀၀ ကီလို သို့မဟုတ် ပိဿာ ၃၀၀၀ ကျော် ထွက်ရှိပါသည်။

အပင်တစ်ပင်လုံးမှထွက်သော အခြောက်ပစ္စည်း ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| **အပင်အစိတ်အပိုင်း** | **ရာခိုင်နှုန်း** |
|---|---|
| အရွက် | ၆၅. ၀ |
| စားနိုင်သောအကိုင်း | ၄. ၅ |
| အခေါက် | ၇. ၅ |
| အကိုင်းသို့မဟုတ် ပင်စည်အရင့် | ၂၃. ၀ |

ခုတ်ဖြတ်ရိတ်သိမ်းမှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ပါသည်။

**တိရစ္ဆာန်များနှစ်ခြိုက်စွာစားသုံးမှု**

စားလေ့စားထရှိသော နွား၊ သိုး၊ ဆိတ်များသည် ဂလီရိစီဒီယားကို နှစ်ခြိုက်စွာ စားသုံးကြသည်။ ကာလရှည်ကြာစွာ အမြောက်အမြားကျွေးသော်လည်း ဘေးဥပဒ်မရှိ စားသုံးနိုင်သည်။ မြက် ၂၅ ရာခိုင်နှုန်း ဂလီရိစီဒီယား ၇၅ ရာခိုင်နှုန်း ရောစပ်ကျွေးသော သိုးများတွင် ရှင်သန်မှု၊ ပေါက်ပွားနှုန်း၊ မွေးစသိုးငယ်အလေးချိန်ကောင်းမွန်သည်။ နို့စားနွားတွင် ဂလီရိစီဒီယားကို မြက်နှင့်ရောကျွေးရာမှ မြက်ကိုလုံးဝမကျွေးတော့ဘဲ ဂလီရိစီဒီယားချည်း သက်သက်ကျွေးသော်လည်း နွားမများတွင် ကျန်းမာရေး၊ နို့ထုတ်လုပ်မှု အဆီနှင့်အဆီမပါသော အဖတ်ပါဝင်မှု (SNF)ထိခိုက်မှုမရှိပါ။ ဂလီရိစီဒီယားကို ကောက်ရိုး၊ ဖွဲနုများနှင့်လည်း ရောစပ်ကျွေးနိုင်သည်။ သုတေသန လေ့လာစမ်းသပ်ချက်များအရ ဂလီရိစီဒီယားကို ကောက်ရိုးနှင့်ရောစပ်၍ လည်းကောင်း၊ ပြောင်းချဉ်ဖတ်ပြုလုပ်ရာတွင် ရောစပ်၍လည်းကောင်း ဆိတ်ထီးများကို ကျွေးမွေးရာတွင် အစာချေဖျက်နှုန်းကောင်းမွန်ခြင်း၊ အသားတက်ကောင်းမွန်ခြင်းတို့ကို တွေ့ရသည်။

ဂလီရိစီဒီယားသည် အသားဓာတ်မြင့်မားသော အပင်ဖြစ်ပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်များတွင် ဖြည့်စွက်စာ အဖြစ် ကျွေးနိုင်သည်။ ဂလီရိစီဒီယားသည် ပျိုးထောင်ရာတွင် လည်းကောင်း၊ ထိန်းသိမ်းရာတွင် လည်းကောင်း လွယ်ကူခြင်း၊ ငွေကြေးသက်သာခြင်းရှိပြီး အမြောက်အမြားကျွေးသော်လည်း ဘေးဥပဒ်မရှိကြောင်း တွေ့ရပါသည်။

၎င်းအပြင် အခြားပဲနွယ်ပင်များ မပေါက်ရောက်နိုင်သော မြေဆီဩဇာညံ့ဖျင်းသော မြေများ၌ပင် ဂလီရိစီဒီယားသည် ပေါက်ရောက်နိုင်သည်။ အစာခြောက်အထွက်နှုန်းနှင့် အာဟာရဓာတ်တွင် ဘောစကိုင်းထက်နှိုင်းစာလျှင် မြင့်မားပါသည်။ သို့အတွက် ဂလီရိစီဒီယားကို ကျွဲ၊ နွား၊သိုး၊ ဆိတ်မွေးမြူရေးတွင် အရေးပါသော အစာတစ်ရပ်အဖြစ် အသုံးချနိုင်ပါသည်။ ။

**ဂလီရိစီဒီယားသည် အသားဓာတ်မြင့်မားသော အပင်ဖြစ်ပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်များတွင် ဖြည့်စွက်စာအဖြစ် ကျွေးနိုင်သည်။ ဂလီရိစီဒီယားသည် ပျိုးထောင်ရာတွင် လည်းကောင်း၊ ထိန်းသိမ်းရာတွင် လည်းကောင်း လွယ်ကူခြင်း၊ ငွေကြေးသက်သာခြင်းရှိ**



# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရာတော်မြို့နယ်၌ မိုးစပါးဧက ၃၁၁၅၀ စိုက်ပျိုးမည်



**မုံရွာ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် ဆည်ရေသောက်၊ မိုးကောင်းသောက်၊ လျှပ်စစ်မြစ်ရေတင်၊ မြေအောက်ရေစနစ်များဖြင့် မိုးစပါးဧက ၃၁၁၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးမည့် အခြေအနေနှင့်ပတ်သက်ပြီး "၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မိုးစပါးစိုက်ရာသီက အရာတော်မြို့နယ်မှာ မိုးစပါး ဧက၂၂၄၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ်မှာ လည်းတိုးချဲ့ စိုက်ပျိုးသွားမှာပါ။ မိုးစပါးဧကတွေ တိုးချဲ့စိုက်ပျိုးတဲ့ အခါမှာ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးမှာ အခက်အခဲတွေ မရှိစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာပေး ဆွေးနွေးပွဲတွေ၊ လက်တွေ့ပညာပေး သင်တန်းတွေ၊ ကွင်းဆင်းသရုပ်ပြပွဲ တွေ လုပ်သွားမယ်။ အဲဒီလို လုပ်ဆောင်ရင်းနဲ့ တောင်သူတွေအနေနဲ့ ပိုးမွှား အန္တရာယ်ကာကွယ်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးသွားမှာပါ။ စိုက်ပျိုးမယ့် စပါးမျိုးတွေက ပုလဲသွယ်မျိုး ဧက ၂၂၀၊ မနောသုခ ဧက ၃၅၀၀၊ ရောမင်း ဧက ၁၈၀၀၀၊ IR-၇၄၇ မျိုး ဧက ၁၈၃၀၊ ဗီယက်နမ်မျိုး ဧက ၁၀၀၊ ရေဆင်းလုံးသွယ်မွှေး ဧက ၄၀၀၀၊ ပေါ်ဆန်းဘေးကျား ဧက ၃၅၀၀ စုစုပေါင်း ဧက ၃၁၁၅၀ ကို တစ်မြို့နယ်လုံးမှာ စိုက်ပျိုးသွားမှာပါ" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ မိုးစပါး ဧက ၃၁၁၅၀ တွင် ဆည်ရေသောက်စနစ်ဖြင့် ၉၆၀၉ ဧက၊ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဧက ၁၃၅၀၊ မြေအောက်ရေစနစ်ဖြင့် ဧက ၃၉၀၀ နှင့် မိုးကောင်းသောက်လယ် ၁၆၂၉၁ ဧကတို့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ဖိုးချမ်း(မုံရွာ)**

# မိုးစပါးစိုက်ပျိုးရေးအတွက် တောင်သူပညာပေးဆွေးနွေး

**ပဲခူး ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီတွင် အထွက်နှုန်းကောင်းသည့် ပုလဲသွယ် GW-1 စပါးအား စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို မေ ၂၈ ရက်က ဘုရားငါးဆူအုပ်စု၌ ကျင်းပသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဝင်းနှင့် နယ်မြေတာဝန်ခံ ဦးသိန်းအောင်တို့က တစ်ဧကအထွက်နှုန်း တိုးတက်ရေး GW-1 စပ်မျိုးစပါး ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းပညာပေး ဟောပြောသည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများတက်ရောက်ပြီး ကျေးရွာအုပ်စု ၁၅ အုပ်စုအား ကွင်းဆင်းပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# ကျန်းမာရေး၊ စိုက်ပျိုးရေး အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးနှင့် ပညာပေးရေးအသင်း၏ အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာကွင်းအမှတ်(၁၈၂၈) တောင်သူဦးအေးမြင့်၏ လယ်ကွက်အတွင်း၌ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးအသိပညာဗဟုသုတရရှိစေရန်နှင့် တောင်သူအသိပညာပေးဆွေးနွေးဟောပြောပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကိုနေလင်းက မျက်စိဖွင့်ပါ၊ နားစွင့်ပါ၊ ဒေါ်ခင်စန္ဒာက စားသုံးသူကာကွယ်ရေးနှင့် ပညာပေးရေး၊ ဒေါက်တာမေသက်နိုင်က လူသားတိုင်း ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေး၊ စိုက်ပျိုးရေးပညာရှင် ဦးသာအောင်(ပျဉ်းမနားမြို့)က သဘာဝမြေဆီလွှာကျန်းမာရေး တောင်သူအားလုံးဆောင်ရွက်ပေး ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ချောင်းဦး ရတနာကြာနန်း ရွှေဂူကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကား

**ချောင်းဦး ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် သမိုင်းဝင် ရတနာကြာနန်း ရွှေဂူကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နယုန်လဆန်း ၈ ရက်မှ နယုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဈေးရောင်း၊ ဈေးဝယ်များ၊ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။**(ယာပုံ)**

အဆိုပါ ဘုရားပွဲတွင် ချောင်းဦးမြို့နယ်အတွင်းရှိ ပင့်သံဃာ တော်အပါး ၆၉၈ ပါးကို နယုန်လပြည့်နေ့၌ ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ရတနာရွှေဂူကြီးဘုရားကို မူလ ပထမ သက္ကရာဇ် ၂၈၈ခုနှစ်တွင် တောင်သူကြီးမင်း(စောရဟံမင်း)က ဂူဘုရားအဖြစ်တည်ထားခဲ့ပြီး သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် ယခုလက်ရှိအတိုင်း ပြန်လည်ပြုပြင်တည်ထားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **ဖိုးချမ်း(မုံရွာ)**



# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာရှိ ဆေးကုသရန် အခက်အခဲရှိသော ကျန်းမာရေးမကောင်းသူ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ခြင်းကို မေ ၂၈ ရက် နံနက်၉ နာရီက အဆိုပါ ကျေးရွာရှိ နေခြည်ဦး အခမဲ့ဆေးခန်း၌ ဆေးဝါးများ ကုသပေးခဲ့သည်။

ဆေးဝါးကုသရာတွင် အထွေထွေရောဂါသည် အမျိုးသား အမျိုးသမီး ၁၀၀ ခန့်ကို ညောင်လေးပင် မြို့နယ် ပုဇွန်မြောင်းစံပြကျေးရွာ ကျန်းမာရေးမှူး ဦးစောနေဝင်းနှင့်အဖွဲ့ဝင်များမှ ဆေးဝါးများအခမဲ့ ကုသပေးခဲ့ကြပြီး ဆေးဝါးကုသရာသို့ ပျဉ်ရေကြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လှိုင် ဦးဆောင်၍ နေခြည်ဦး ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဝင်များ၊ ဆေးဝါးအလှူရှင်များ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ဝိုင်းဝန်းကူညီပေးခဲ့ကြသည့်အပြင် ဆေးဝါးလာရောက်ကုသသူများအား အလှူရှင်များက အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။



အခမဲ့ နေခြည်ဦး ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နှစ်ခွဲကြာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး တစ်လလျှင် နှစ်ကြိမ်သတ်မှတ်၍ တစ်ကြိမ်လျှင် လူနာ ၁၀၀ ခန့်အား ဆေးဝါးများ ကုသပေးနိုင်ခဲ့သည်။ ဆေးဝါးကုသလိုသူများ အနေဖြင့် နေခြည်ဦး အခမဲ့ဆေးခန်းသို့ လာရောက်ကုသမှု ခံယူနိုင်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## ကျေးရွာမီးလင်းရေးဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**ကမမောင်း ဇွန် ၁**

ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မီးလင်းရေး ထောက်ပံ့ငွေဖြင့် (၁၀/၆၀ ဆိုလာစနစ်) ကျေးလက်ဒေသ မီးလင်းရေးအတွက် ကမမောင်းမြို့ ဝါကော်ကျေးရွာအုပ်စု ကျွန်းတောကျေးရွာအိမ်ခြေ ၃၀၊ ဝါသိုးခိုကျေးရွာ အိမ်ခြေ ၄၆ အိမ်၊ ပုဇွန်မြောင်ကျေးရွာအုပ်စု တခေ့ခို့ကျေးရွာ အိမ်ခြေ ၄၀၊ ပိန္နဲတောကျေးရွာ အိမ်ခြေ ၄၀ စုစုပေါင်း အိမ်ခြေ ၁၅၆ အိမ်အတွက် ဆိုလာ၊ ဘက်ထရီနှင့် မီးလုံးများကို မေ ၂၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလတ်ပိုင်ဦးက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံသားဥပဒေ ရှင်းလင်းပွဲကျင်းပ

**ကျောက်မဲ ဇွန် ၁**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေရှင်းလင်းပွဲကို ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ခရိုင်လ. ဝ. က ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ရှင်းလင်းခဲ့ကြောင်းသိရသည်။ **(ဝ၉၀)**

# ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၁၅) ဆင်းပွဲကို မေ ၂၉ ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက် အကူပြုဗဟိုဌာနရုံး၌ ကျင်းပသည်။

လူမှုဝန်ထမ်း တိုင်းဒေသကြီး ဦးစီးမှူးက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်း (Early Child Care Development-(ECCD) ကို အရေးကြီးဆုံး လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်တိုင်း၏ အကောင်းဆုံးအကျိုးစီးပွား အတွက် ဘက်စုံဖွံ့ဖြိုးမှုရှိစေရန်နှင့် ကာကွယ်စောင့်ရှောက်ခွင့် ရရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအတွက် ကလေးသူငယ်တိုင်းသည် မှန်ကန်သော နည်းစနစ်ဖြင့် ပြုစုပျိုးထောင်မှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကလေးစောင့်ရှောက်ပြုစုသူ ဆရာမများသည် အလွန်အရေးကြီးပါကြောင်း၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိပြီး အလေ့အကျင့်ကောင်းများရရှိရန် ဆရာမများက သင်ကြားပေးရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတစ်လသင်တန်း တက်ရောက်ခဲ့သည့် သင်တန်းသူ ၆၀ တို့အား တိုင်းဒေသကြီးဦးစီးမှူး ပင်မအထောက်အကူပြုဗဟိုဌာန ကျောင်းအုပ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# အလေးမနှင့် ကာယကြံ့ခိုင်မှု နွေရာသီအားကစား သင်တန်းဆင်း

**ပျဉ်းမနား ဇွန် ၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်မှု ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းဆင်း အခမ်းအနားကို မေ ၃၀ ရက်က အလေးမနှင့် ကာယကြံ့ခိုင်မှု ကော်မတီ (မြို့နယ်)ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အလေးမနှင့် ကာယကြံ့ခိုင်မှု ကော်မတီဥက္ကဋ္ဌ ဦးဆန်နီက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများက လက်တွေ့ အလေးမ သရုပ်ပြသကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် သင်တန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စုတွင် မေလစတုတ္ထပတ်က ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးစဉ်။**

စိုးဝင်း(ကျောက်တန်း)

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲများကျင်းပ

**ပေါင်**

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲ၊ ဟောပြောပွဲကို မေ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

**သီပေါ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး ပြည်သူများပူးပေါင်းပါဝင်ရေး တာဝန်ရှိသူများက ရှင်းလင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**နမ့်ခမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ပြည်သူများ ပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေးလူထုလှုပ်ရှားမှု အသိပညာပေး ဟောပြောပွဲကို အဆိုပါ မြို့နယ်ရှိ သာယာကုန်းကျေးရွာ၌ မေ ၂၈ ရက် ညနေ ၆ နာရီက ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်သွေးက မူးယစ်ဆေးဝါးထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကျေးရွာပြည်သူများ သိရှိစေရန် ဟောပြောဆွေးနွေးခဲ့သည်။

**ကွတ်ခိုင်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သိရှိစေရန်အတွက် မေ ၂၇ ရက်က မော်ဟစ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ပန်ဆိုင်း**

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀ နာရီက ပန်ဆိုင်းမြို့ရှိ နမ့်တောင်းကျေးရွာ၌ ကျင်းပသည်။

**မူဆယ်**

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို မေ ၃၀ ရက်က အိမ်တွင်းအမျိုးသမီးသင်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မူဆယ်ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက အမှာစကားပြောကြားသည်။

**မန့်ဟီးရိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခွဲတွင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၂၉ ရက်က မန့်ဟီးရိုးမြို့နယ်ခွဲရှိ နောင်ဟင်ကျေးရွာ၌ ကျင်းပသည်။

**မုံးကိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့နယ်ခွဲတွင် ၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို မေ ၂၉ ရက်က မုံးကိုးမြို့ ရပ်ကွက်(၁) ရှိ လူငယ်ဇရပ်၌ ကျင်းပသည်။

**ကိုမိုင်း(iprd)**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပညာရေးဌာနတို့၏ ပူးပေါင်းမှုဖြင့် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကို မေ ၃၀ ရက်က အထက-ပူတာအို အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အထက်တန်းအဆင့် ယှဉ်ပြိုင်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မျိုးသူရနောင် ၊ ခရိုင်ပညာရေးမှူး ဦးအောင်မြင့်ထွန်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ပူတာအို/ မချမ်းဘောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၇ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကံပိုထံမှ သိရသည်။ **ဖုန်ကန်(iprd)**



# ဧရာဝတီကမ်းပါးထိန်းသိမ်းမှု ကျပ်သိန်းပေါင်း ၂၉၀၀၀ ကျော်ဖြင့် ဆောင်ရွက်မည်

**မန္တလေး ဇွန် ၁**

ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုနှင့် ကမ်းပါးနံရံများ ပျက်စီးမှုမှ ကာကွယ်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကိုးထောင်ကျော် သုံးစွဲသွားရန် လျာထားကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

မြစ်ကမ်းပါးပြိုကျမှုအပါအဝင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီးရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ရာ မကြာမီလုပ်ငန်းများ အသေးစိတ်ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူမှုများကိုလည်း ပွင့်လင်းမြင်သာစွာ ရွေးချယ်အကောင်အထည်ဖော်ရန်ရှိကြောင်း အဆိုပါဌာနက သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းကိုးခုတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမည့်အန္တရာယ်နှင့် ကြုံတွေ့နိုင်သည့်အတွက် ယင်းမြို့နယ်များတွင် ဦးစားပေးလုပ်ငန်းဆောင်ရွက်ရန်ရှိသဖြင့် မတ္တရာမြို့နယ်၊ စဥ့်ကိုင်မြို့နယ်၊ စဥ့်ကူးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြင်းခြံမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ကမ်းပါးထိန်းသိမ်းမှုများ ဆောင်ရွက်မည်ဖြစ်သည်။

“ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုတွေဟာ နေ့စဥ်နဲ့အမျှ ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့် မြစ်ကမ်းနဖူးနေရာတွေကို ထိန်းသိမ်းကြပ်မတ်သွားဖို့ရှိပါတယ်။ လုပ်ကိုင်လိုတဲ့ ကုမ္ပဏီတွေကို တင်ဒါခေါ်ထားပါတယ်။ ဇွန်လဆန်းမှာ ထုတ်ပြန်ကြေညာပေးမှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုလျာထားတာ ကျပ်သိန်းပေါင်း ၂၉၂၄၀ ရှိပြီး မြို့နယ်ကိုးမြို့နယ်က ကျေးရွာပေါင်း ၂၀ကျော်မှာ ကမ်းပါးထိန်းသိမ်းမှု လုပ်ဆောင်မယ်”ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်မှာ မြစ်လက်တက်များစွာ စီးဝင်သည့် မြစ်မကြီးတစ်ခုဖြစ်ခြင်းကြောင့် မြစ်ရေတိုးရာနေရာများနှင့် မြစ်အချိုးအကွေ့နေရာအများစုမှာ စနစ်တကျ ကမ်းပါးပြုပြင်ထိန်းသိမ်းထားရန် လိုအပ်ကြောင်းသိရသည်။

ယခုနှစ်မိုးရာသီအကုန်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လျာထားပြီး ယမန်နှစ်ကလည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ကမ်းပါးပြိုကျမှု ကြုံတွေ့ရနိုင်သောနေရာများတွင် ငွေကျပ် သိန်းပေါင်း ၂၈၀၀၀ ကျော်သုံးစွဲကာ ပြုပြင်ထားကြောင်း၊ နှစ်နှစ်ဆက်တိုက် ပြုပြင်ထိန်းသိမ်းမှုများကြောင့် လာမည့်နှစ်များတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ကမ်းပါးနံရံများ တိုက်စားပြိုကျမှုများမှ ကင်းဝေးနိုင်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သတင်း–ခင်ရတနာ၊ ဓာတ်ပုံ–မေဦးမိုး**

## သတင်းတိုများ

### ခမောက်ကြီးမြို့နယ်၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဖွင့်ရာသီအစ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းလုပ်ငန်းကိုမေ ၂၉ ရက်က ကျင်းပရာ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီမှ အဖွဲ့များ၊ NGO အဖွဲ့များနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျိုးပဲ့သည့်စာသင်ခုံများ ပြုပြင်မွမ်းမံပေးခြင်းလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၈၀၀၀ကျော် မြင်းမူ၌ စတင်ထုတ်ချေး

ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်ကို မြင်းမူမြို့နယ်အတွင်း မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ မေ ၂၆ ရက်မှ စတင်၍ ယခင်နှစ်စိုက်ပျိုးစရိတ်ချေးငွေများကို အကျေပေးဆပ်ပြီးသည့် ဒေသခံတောင်သူများအား ထုတ်ချေးပေးလျက်ရှိသည်။ ယမန်နှစ်က စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၈၄၁၅ ဒသမ ၈ သိန်းကို ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူ ၁၂၀၀၄ ဦးထံသို့ ထုတ်ချေးပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း တောင်သူသုံးဦးလျှင် ဝိုင်းလေးချုပ်စနစ်ဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စနစ်တကျ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေး ငါးသိုင်းချောင်း၌ ဆောင်ရွက်

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျပြေးဆွဲနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျပြေးဆွဲရေးစည်းကမ်းကြီးကြပ်မှုကော်မတီရုံးကို မေ ၃၁ရက်က ရွှေ့ဆောင်ရပ်ကွက် ကားကြီးဂိတ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းနှင့် တာဝန်ရှိသူများ၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

edexcel
Approved Center No: 93081



- The 1st institute approved to deliver BETC HND Courses in Myanmar since 2007
- The only institute to be affilated with Myanmar Engineering Society (MES)
- **Programme we offer:**
  - Electrical & Electronics Engineering
  - Mechanical Engineering
  - Civil Engineering
  - Business Management
  - Business Accounting
- **Admission Requirements**
  - International Foundation Certificate (IFC)
    - Matriculation Certificate
  - Higher National Diploma (HND)
    - IFC or 2nd year Bachelor Degree
    - ABE Diploma Holders
    - LCCI Level 3 Certificate Holders
- Upon completing HND, students can study final year of Bachelor Degrees at Chindwin or choice of over 100 universities and institutes in UK and Singapore
- Track record of over 200 Chindwin HND graduates successfully completing Bachelors of Engineering in UK and Singapore univeristies and high employability among local and international enterprises

**Yangon** - No.(75), Thein Phyu Road (Lower Block), Botahtaung Township. ☎ 01 - 298 137, 297 673
- 1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road.
**Mandalay** - Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 - 741 79, 682 49

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

# ပရီမီယာလိဂ်ဖလားရဖို့ ကြိုးစားမယ်ဆိုတဲ့ အာဆင်နယ်

အက်ဖ်အေဖလားကို အောင်မြင်စွာ ကာကွယ်လိုက်ပြီးနောက် အာဆင်နယ်အသင်းအနေနဲ့ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဖလားကို ရအောင်ကြိုးစားသွားမှာဖြစ်ကြောင်း တိုက်စစ်မှူး သီယိုဝေါကော့သ်က ပြောဆိုလိုက်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဝေါကော့သ်ဟာ ဝင်ဘလေကွင်းကြီးမှာ အက်စ်တွန်ဗီလာအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲက ပထမဆုံးဂိုးသွင်းယူပေးသူ ဖြစ်ပါတယ်။ သို့ပေမယ့် အာဆင်နယ်အသင်းတွေဟာ ချန်ပီယံ ချယ်လ်ဆီးနောက်က ၁၂ မှတ်ခွာပြီး ဒီနှစ်ပရီမီယာလိဂ်မှာ တတိယနဲ့ ကျေနပ်ခဲ့ရပါတယ်။ ၂၀၀၃-၂၀၀၄ ရာသီနောက်ပိုင်း အာဆင်နယ်အသင်းအနေနဲ့ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်နိုင်စွမ်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့ ပစ်မှတ်ထားတဲ့ဖလားဟာ ပရီမီယာလိဂ်ဖလားဖြစ်လိမ့်မယ်လို့ ဝေါကော့သ်က ဆိုပါတယ်။ အက်ဖ်အေဖလားနှစ်လုံးရထားတဲ့ အသင်းဟာ အကောင်းဆုံးအသင်းတွေထဲက တစ်သင်းပါပဲ။ ကျွန်တော်တို့ ဒီထက်အောင်မြင်မှုရဖို့ဆိုရင် လာမယ့်နှစ်မှာ ပရီမီယာလိဂ်ဖလားကို အရယူရမှာဖြစ်ပါတယ်လို့ တိုက်စစ်မှူး ဝေါကော့သ်က ထပ်လောင်းပြောဆိုလိုက်ပါတယ်။



# ဖလားသုံးလုံးအိပ်မက် ဖြစ်လာတော့မယ်ဆိုတဲ့ မက်ဆီ

တိုက်စစ်မှူးမက်ဆီဟာ ဒီနှစ်ရာသီတစ်လျှောက်လုံး ပွဲတိုင်းနီးပါးဂိုးတွေသွင်းယူပေးနေပါတယ်။ သူ့ရဲ့ ဂိုးတွေနဲ့ ဒီနှစ်ရဲ့ စပိန်လာလီဂါဖလားကို ဆွတ်ခူးပေးနိုင်သလို ကိုပါဒယ်ရေးဖလားလုပွဲမှာလည်း ဘီဘာအိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဖလားရတဲ့အခါ အနိုင်ဂိုး နှစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဘာစီလိုနာအသင်းအတွက် ကျွန်တော်တို့ ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ပါပြီ။ နောက်ထပ်တစ်လုံးပဲ ကျန်ပါတော့တယ်။ ဒီဖလားကတော့



ဂျူဗင်တပ်နဲ့ ကစားရမယ့် ချန်ပီယံလိဂ်ဖလားဖြစ်ပါတယ်။ ဒီဖလားကိုလည်း ကျွန်တော်တို့ ရယူနိုင်အောင် အပြင်းအထန်ကြိုးစားသွားမှာဖြစ်ပါတယ်လို့ တိုက်စစ်မှူး မက်ဆီက ဆိုပါတယ်။ တိုက်စစ်မှူး မက်ဆီအနေနဲ့ ဒီပွဲမှာ ယခုနှစ်ရာသီအတွက် ၅၈ ဂိုးမြောက်နဲ့ ၅၉ ဂိုးမြောက် ဂိုးတွေသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မက်ဆီရဲ့ အဓိကကစားဖော် နေမာကလည်း ဒီပွဲမှာ ၃၈ ဂိုးမြောက်အဖြစ် သွင်းယူပေးနိုင်ခဲ့ပါတယ်။ သူတို့ တိုက်စစ်အတွဲဟာ ဒီနှစ်ပြိုင်ပွဲအများစုကို အနိုင်ယူနိုင်ခဲ့တဲ့ အတွဲဖြစ်ပါတယ်။ တိုက်စစ်အားကောင်းတဲ့ မက်ဆီနဲ့ နေမာတို့ရဲ့ အတွဲက လာမယ့်သီတင်းပတ်မှာလည်း ဂျူဗင်တပ်ကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဖလားကိုင်မြှောက်မယ့် အနေအထားရှိပါတယ်။ ဒီဖလားကိုသာ ဆွတ်ခူးမယ်ဆိုရင် ဘာစီလိုနာအသင်းအနေနဲ့ တစ်နှစ်အတွင်း ဖလားသုံးလုံးကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။

➤ ကောင်းမြတ်သူ - စုစည်းသည်။ ➤

# ပေါ်တူဂီနဲ့ ကိုလံဘီယာတို့ အခြေအနေကောင်းမယ့် ကမ္ဘာ့ယူ - ၂၀



မေ ၃၁ ရက်က ဆီနီဂေါနှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နယူးဇီလန်နိုင်ငံမှာ ကျင်းပနေတဲ့ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားနေပြီဖြစ်ပါတယ်။ ဇွန် ၃ ရက်မှာတော့ ကာတာနဲ့ ပေါ်တူဂီ၊ ဆီနီဂေါနဲ့ ကိုလံဘီယာ၊ မက္ကဆီကိုနဲ့ ဥရုဂွေး၊ ဆားဘီးယားနဲ့ မာလီတို့ပွဲတွေ ဆင်နွှဲကြပါလိမ့်မယ်။ လူငယ်ကြယ်ပွင့်တွေ ကစားကြတဲ့ ဒီပြိုင်ပွဲမှာ ဘယ်အသင်းတွေအုပ်စုအဆင့်က တက်သွားမယ်ဆိုတာ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။

### ဆီနီဂေါနှင့် ကိုလံဘီယာ

ကိုလံဘီယာအသင်းဟာ ယူ-၂၀ ကမ္ဘာ့ဖလားပွဲသမိုင်းမှာ တတိယရရှိခဲ့ဖူးသလို ကွာတားဖိုင်နယ်ကို သုံးကြိမ်တက်ရောက်ခဲ့ဖူးတဲ့ မှတ်တမ်းရှိပါတယ်။ ဆီနီဂေါတို့ကတော့ မှတ်တမ်းကောင်းမရှိပေမယ့် လျင်မြန်မှုနဲ့ ကြံ့ခိုင်မှုကို ဦးစားပေးပြီး ပြိုင်ဘက်ကို ကျော်ဖြတ်တတ်တာမို့ ကိုလံဘီယာတို့ သတိထားကစားရပါလိမ့်မယ်။ ကိုလံဘီယာတို့က ဒီပြိုင်ပွဲမှာ မှတ်တမ်းအသစ်ရေးထိုးနိုင်ဖို့ ကြိုးစားမှာမို့ ဆီနီဂေါကို ဖြတ်ကျော်ပြီး အမှတ်ပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။ အသင်းလိုက် နားလည်မှုရှိရှိနဲ့ ကစားတတ်တဲ့ ကိုလံဘီယာကို ဆီနီဂေါတို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက သရေပွဲဖြစ်ပြီး အဖြစ်နိုင်ဆုံးရလဒ်က ဂိုးမပြတ်တဲ့ အရှုံးရလဒ်ဖြစ်နိုင်ပါတယ်။

### ကာတာနဲ့ ပေါ်တူဂီ

ကာတာနဲ့ ပေါ်တူဂီတို့ နောက်ဆုံးတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ပေါ်တူဂီတို့က ၂၀၀၉ ခုနှစ်မှာ ခြောက်ဂိုးပြတ်နိုင်ပွဲရထားပါတယ်။ ကာတာအသင်းဟာ အမေရိကန်နဲ့ ခရိုအေးရှားတို့နဲ့ ကစားခဲ့တဲ့အခါ ရလဒ်ကောင်းတွေရရှိခဲ့တာမို့ အခုပေါ်တူဂီကို ဘယ်လိုကစားမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ကာတာအသင်းဟာ ၁၉၈၁ ခုနှစ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းကောင်းရှိပြီး အခုနှစ်မှာ အောင်မြင်မှုတွေ ပြန်လည်ရယူနိုင်ဖို့ ကြိုးစားလာပါလိမ့်မယ်။ ပေါ်တူဂီအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲရလဒ်တွေကိုကြည့်ရင် ဥရုဂွေးကို သုံးဂိုးပြတ်နိုင်ပြီး ဘရာဇီးကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားပါတယ်။ အခုပွဲမှာတော့ ပေါ်တူဂီအတွက် သုံးမှတ်အပြည့်ယူပြီး နောက်တစ်ဆင့်တက်ရေးကြိုးစားပါလိမ့်မယ်။

### ဆားဘီးယားနှင့် မာလီ

ယူ-၂၀ ကမ္ဘာ့ဖလားသမိုင်းမှာ မာလီတို့ ၁၉၉၉ ခုနှစ်မှာ တတိယနေရာ ရရှိခဲ့ဖူးပါတယ်။ ဆားဘီးယားတို့ကတော့ ခြေစွမ်းအတက်အကျရှိနေပြီး မာလီတို့က နောက်ဆုံး ၁၉ ပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၀ ပွဲရှုံးထားတာမို့ ဆားဘီးယားတို့ ဒီပွဲမှာ ခက်ခဲပါလိမ့်မယ်။ ဆားဘီးယားတို့ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် ရိုမေးနီးယားတို့ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး အမေရိကန်တို့ကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ အခုပွဲမှာတော့ အုပ်စုအဆင့်က တက်ဖို့ မက္ကဆီကိုနဲ့ ဥရုဂွေးတို့နဲ့အပြိုင်ကြိုးစားရမှာဖြစ်လို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ဒီပွဲမှာ မာလီတို့ရဲ့ အားထုတ်မှုကြောင့် ဆားဘီးယားတို့ အခက်ကြုံရနိုင်ပေမယ့် အနိုင်ဆိုတာ ဆားဘီးယားတို့အတွက် ဖြစ်သွားနိုင်ပါတယ်။

### မက္ကဆီကိုနှင့် ဥရုဂွေး

အုပ်စုအဆင့်က တက်မယ်လို့ရေပန်းစားနေတဲ့ မက္ကဆီကိုနဲ့ ဥရုဂွေးတို့ တွေ့ဆုံမှုက ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဥရုဂွေးဟာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အစဉ်အလာကောင်းတွေရှိခဲ့တဲ့ အသင်းဖြစ်ပြီး လက်ရှိမှာလည်း အသင်းလိုက်စုဖွဲ့မှုအားအကောင်းဆုံး အသင်းဖြစ်နေပါတယ်။ ဒါပေမယ့် ပနားမား၊ ဟွန်ဒူးရပ်စ်အသင်းတွေကို ရှုံးပွဲကြုံတွေ့ထားတာမို့ ယုံကြည်လို့တော့မရပါဘူး။ မက္ကဆီကိုတို့ကလည်း ဒီပွဲမှာ မှတ်တမ်းကောင်းတင်ဖို့ ကြိုးစားမှာမို့ အပြိုင်ကြိုးစားပြီး အမှတ်ခွဲယူကိန်းဆိုက်သွားနိုင်ပါတယ်။ ။

■ မိုးမြင့်လင်းလက်

# ပြည်တွင်းဖလားသုံးလုံး ဆွတ်ခူးခဲ့တဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ကလပ်တွေထဲမှာတော့ ပြည်တွင်းပြိုင်ပွဲ ဖလားသုံးလုံး ဆွတ်ခူးနိုင်တဲ့ ပထမဆုံးအသင်း ဖြစ်သွားပါပြီ။ ပီအက်စ်ဂျီအသင်းက အော်ဇေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ပြင်သစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီရဲ့ တစ်လုံးတည်းသောဂိုးနဲ့ ပီအက်စ်ဂျီအသင်းက အနိုင်ရရှိသွားခဲ့တာပါ။ ကျွန်တော်တို့ ကျန်တဲ့ဖလားတွေလည်းရပြီးပါပြီလို့ ပီအက်စ်ဂျီအသင်းရဲ့ ဂိုးအများဆုံးသွင်းထားတဲ့ တိုက်စစ်မှူး အီဘရာဟင်မိုဗစ်က ဆိုပါတယ်။ ဒီလိုဖလားသုံးလုံးရအောင် ဘယ်အသင်းမှ မလုပ်နိုင်သေးပါဘူး။ ကျွန်တော်တို့အသင်းဟာ ဂုဏ်ယူစရာကောင်းတဲ့ အသင်းဖြစ်ပါတယ်လို့ အီဘရာဟင်မိုဗစ်ကဆိုပါတယ်။ ကျွန်တော်တို့ ဒီနှစ်ရာသီမှာ အဆုံးသတ်မှုတွေအတော်လေး ကောင်းပါတယ်။ ကျွန်တော်တို့ ဒီဖလားကို လိုချင်နေတာပါ။ ဒီဖလားကရဖို့ အတော်လေးခက်ပါတယ်လို့ နည်းပြလောရင်ဘရန့်က ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ဒီနှစ်ရာသီမှာ ပြင်သစ်ပထမတန်းဖလားနဲ့ ပြင်သစ်လိဂ်ဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။



# အခန်းပိုင်ဘဝသို့ချက်ခြင်းပြောင်းလဲပေးမည့်

# iGREEN

လစဉ်(၄)သိန်းခန့်အတိုးပေးရန်မလို

# ၁၀နှစ် ငွေချေစနစ်

သိန်း(၆၀၀)
တန် အခန်း

မြေပိုင်မြေ (၁.၅) ဧက
ပေါ်တွင်ဆောက်လုပ်မည်

iHOME
APARTMENT

ဘုံပိုင်မြေစနစ်၊ Swimming Pool & GYM, (၁)ခန်းလျှင်ကားပါကင်(၁)နေရာရမည်

မြေရှင် - **iGREEN** DEVELOPER - **iGREEN**
CONSTRUCTION - **iGREEN**

**iGREEN Head Office -** 30၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
**iGREEN Show Room -** 82/A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

ဇွန်( 6 )၊( 7 ) Junction Square တွင်ရောင်းမည့်

# သိန်း( ၂၀ )ယူပြီး တန်းစီမှ အခန်းရဖို့သေချာမယ်နော်

iHOME APARTMENT



## ၂၀၁၆ စဆောက်၊ ၂၀၁၇ အခန်းအပ်

## ၁၀၀ ခန်းတွက် ဝယ်ခွင့် iGREEN မှတာဝန်ယူမည်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရမည် မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူပြရမည်




629 Sq-ft

လစဉ်

# ၄

# သိန်းခန့်

ပေးရုံဖြင့်အခန်း
ပိုင်နိုင်မည့်
အခွင့်အရေး




**Site** လေ့လာသူများအတွက် ဇွန်လ( 1 )ရက်နေ့မှ( 5 )ရက်နေ့ထိ

**Location Map** မှ မြားတလျှောက်တွင် **iGREEN** မှဝန်ထမ်းများကြိုဆိုပြီးလိုက်လံပြသပေးပါမည်

# သခွတ်တနယ် ဘုရားကြီး

မောင်သာ(ရွှေဟောင်းသုတေသန)



ရာမလက္ခဏဇာတ်တော်မှ ဇာတ်ကွက်များကို ကျောက်ပြားများပေါ်တွင် သရုပ်ဖော်ထွင်းထုထားသည့် သဲကျောက်ပန်းပုပြကွက်များ ပြသထားသော သခွတ်တနယ်ဘုရားကြီးသည် ရှေးဟောင်းသုတေသန နယ်ပယ်တွင် ထင်ရှားသော နေရာတစ်ခုဖြစ်ပါသည်။ ၁၉ ရာစုအလယ်ပိုင်း ကုန်းဘောင်ခေတ် ပန်းပုလက်ရာများကို ထိန်းသိမ်းပြသထားသည့် ယင်းနေရာသို့ ရောက်ရှိလိုခဲ့သော ကျွန်တော်၏ဆန္ဒသည် မကြာမီက ပြည့်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ မျိုးဆက်သစ်ဒုတိယနှစ် (ထူးချွန်)သင်တန်းသားများ၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဝိဇ္ဇာသင်တန်းသားများသည် ၂၀၁၅ ခုနှစ် ဧပြီလ ပထမအပတ်အတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ ညောင်ကန်မြန်မာ့ကြေးခေတ်ဒေသသို့ ကွင်းဆင်းသုတေသနခရီးထွက်ခဲ့ကြရာ မဟာဝိဇ္ဇာသင်တန်းသားတစ်ဦးအဖြစ် ကျွန်တော်လိုက်ပါခွင့်ရရှိခဲ့သည်။ ခရီးစဉ်အတွင်း ရှေးဟောင်းသုတေသန သင်တန်းသားများသည် ညောင်ကန်၊ အုတ်အိုင်၊ မိုးကြိုးချောင်း၊ တွင်းတောင်၊ နွယ်ခွေ၊ ငါးသျှန်အစရှိသည့် ရှေးဟောင်းသုတေသနနယ်မြေများသို့ လက်တွေ့ကွင်းဆင်းလေ့လာကြစဉ် သခွတ်တနယ်ကျေးရွာအနီး ဝန်းကျင်ဒေသများသို့လည်း ရောက်ရှိခဲ့ကြသည်။

သခွတ်တနယ်ဟုဆိုကြသော်လည်း ရာမဇာတ်ကွက်များရှိနေသည့်ကျေးရွာသည် ရွာသစ်ကျေးရွာအုပ်စု ဘုရားကြီးရွာဖြစ်သည်။ သခွတ်တနယ်သည် ယင်းနယ်မြေအနီးတစ်ဝိုက်တွင် အကြီးဆုံး ရွာကြီးတစ်ရွာဖြစ်ပြီး ဘုရားကြီးကျေးရွာသည် သခွတ်တနယ်နှင့် နှစ်မိုင်ခန့်ကွာဝေးသည်။ ဘုရားကြီးရွာသည် ယခုအခါ ရွာသစ်ကျေးရွာအုပ်စုတွင် ပါဝင်နေသော်လည်း ရှေးယခင်က ထင်ရှားသော သခွတ်တနယ်ရွာအနီးတွင်ရှိသောကြောင့် ဘုရားကြီးကို အစဉ်အဆက် သခွတ်တနယ်ဘုရားကြီးဟု ခေါ်ဆိုခဲ့ကြသည်။ ဘုရားကြီးကျေးရွာသည် မုံရွာမြို့မှ အရှေ့မြောက်ဘက်သို့ ၃၆ မိုင်၊ ဘုတလင်မြို့မှ မြောက်ဘက်သို့ ၁၅ မိုင်ခန့်ကွာဝေးသည်။ သခွတ်တနယ်ရွာသည် ရှေးအစဉ်အဆက်ကပင် သံဃာတော်များ ကိုင်ဆောင်သည့် ထန်းရွက်၊ ထန်းပလပ် ယပ်တောင်ကြီးများကိုပြုလုပ်ကာ တစ်နိုင်ငံလုံးသို့ဖြန့်ဖြူးသည့် နေရာတစ်ခုအဖြစ် လူသိများခဲ့သည်။ ဘုရားကြီးသည် ယခုအခါတွင် အိမ်ခြေ ၂၅၀ နီးပါးရှိသည့် ပဲမျိုးစုံစိုက်ပျိုးပြီး ယာလုပ်ငန်းကို အများဆုံးလုပ်ကိုင်သည့် ကျေးရွာတစ်ရွာအဖြစ် တည်ရှိနေပေသည်။

ဘုရားကြီးကျေးရွာတွင် မဟာလောကမာရဇိန်ဘွဲ့ခံ စေတီတော်ကြီးနှင့် ရှေးဟောင်းအဆောက်အအုံများရှိသည်။ စေတီတော်ကြီး၏ တောင်ဘက်တွင် နတ်ရဲတောင်ဟု အမည်ရှိသည့် တောင်စွယ်နှစ်ခုရှိသဖြင့် နတ်ရဲတောင်ဘုရားကြီးဟုလည်း ခေါ်ကြသည်။ ဘုရားကြီးဟု ထင်ရှားသည့် မဟာလောကမာရဇိန်စေတီတော်ကြီးကို ခရစ်နှစ် ၁၈၄၆ ခုနှစ်တွင် ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော် ဦးညေယျက တည်ထားတော်မူခဲ့သည်။

သာယာဝတီမင်းလက်ထက်(ခရစ်နှစ် ၁၈၃၇-၁၈၄၆)၊ ၁၈၃၉ ခုနှစ် နိုဝင်ဘာလတွင် သာသနာပြုသာသနာစောင့် သဲအင်းဆရာတော် ပျံလွန်တော်မူခဲ့ရာ သာယာဝတီမင်းက ဦးညေယျအား သာသနာပြုသာသနာစောင့် တာဝန်လွှဲအပ်ခဲ့သည်။ (သာသနာပြုသာသနာစောင့်ဟူသည် သာသနာပိုင်ဆရာတော်ဖြစ်ပြီး ထိုစဉ်က သာသနာပိုင်ဟူသည့် အသုံးမရှိသေးကြောင်း သမိုင်းပညာရှင်ဆရာကြီးဒေါက်တာသန်းထွန်းက ရေးသားခဲ့ဖူးပါသည်။)

ဦးညေယျသည် သာသနာပြုသာသနာစောင့်ဆရာတော်အဖြစ် ခြောက်နှစ်တာဝန်ယူခဲ့ပြီးနောက် ခရစ်နှစ် ၁၈၄၆ ခုနှစ်တွင် နန်းတက်လာသော ပုဂံမင်းက ဗားဂရာဆရာတော် ဦးပညာဇောတအား သာသနာပြုသာသနာစောင့်တာဝန် အပ်နှင်းခဲ့သည်။ ထိုစဉ်က သာသနာပိုင်ဆရာတော်များကို ရှင်ဘုရင်က တိုက်ရိုက်ရွေးချယ်လေ့ရှိခဲ့သည်။ ဦးညေယျသည် သာသနာပြုသာသနာစောင့်ဆရာတော်အသစ် ဦးပညာဇောတထံတာဝန်များ လွှဲပြောင်းပေးပြီးနောက် ဘုရားကြီးကျေးရွာသို့ ကြွရောက်ကျောင်းထိုင်သီတင်းသုံးခဲ့သည်။ ထိုစဉ်က ဝေးလံခေါင်ကျသေးသည့် ဘုရားကြီးကျေးရွာတွင် သီတင်းသုံးစဉ် ဆရာတော်ဦးညေယျသည် ထူးခြားခမ်းနားသော သာသနိကလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဦးညေယျသည် ဉာဏ်တော် ၁၀၈ တောင်ရှိသည့် စေတီတော်ကြီးတစ်ဆူနှင့် ပေ ၅၀ ပတ်လည်ရှိသော စတုရန်းပုံတန်ဆောင်းကြီးတစ်ဆောင်ကို ၁၈၄၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ နှစ်နှစ်ခွဲနီးပါးကြာမြင့်ခဲ့ပြီး ၁၈၄၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုနှစ် မေလ ၁ ရက်နေ့တွင် စေတီတော်ကြီးအားထီးတော်တင်ခဲ့ပြီး လောကကြီး၏ ရန်သူများကို အောင်တော်မူသည့် မြတ်စွာဘုရားဟူသော အဓိပ္ပာယ်ဖြင့် "မဟာလောကမာရဇိန်" ဟု ဘွဲ့မည်တင်ခဲ့သည်။ ဘုရားကြီး၏အရှေ့နှင့် အနောက်မုခ်စေတီတော်ခြေရင်းတွင်ကြီးမားသော အနက်ရောင် သပိတ်ကြီးနှစ်လုံးစီကို မြင်နိုင်ကြသည်။ စေတီတော်အား ဆွမ်းကပ်လှူရာတွင် ဆွမ်းထည့်သော သပိတ်များအဖြစ် အသုံးပြုခဲ့မည်ဟု မှန်းဆမိပါသည်။ စေတီတော်၏ တောင်နှင့်မြောက်မုခ်၊ စေတီတော်ခြေရင်းများတွင် ဟိန္ဒူနတ်ဘုရားရုပ်များကို တွေ့ရှိရရာ မည်သည့်ရည်ရွယ်ချက်ဖြင့်ပြုလုပ်ခဲ့သည်ကို မမှန်းဆနိုင်ခဲ့ပါ။

ဆရာတော် ဦးညေယျသည် ဘုရားကြီးတည်ပြီးနောက် စေတီတော်ပတ်လည်တွင် ရာမဇာတ်တော်မှ ဇာတ်လမ်းဇာတ်ကွက်တစ်ခုစီကို ထွင်းထုထားသည့် ပတ်လည် ၁၈ လက်မ၊ အထူတစ်လက်မစီရှိသော သဲကျောက်ပြား ၃၄၇ ချပ်ကို ကပ်လှူခဲ့သည်။ ယင်းကျောက်ပြားများအနက် ၃၅ ချပ်ပျောက်ဆုံးခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနက ဘုရားကြီးဝင်းအတွင်း အဆောက်အအုံတစ်ခုဆောက်လုပ်ကာ ကျန်ကျောက်ပြားများအား ရွှေ့ပြောင်းထိန်းသိမ်းထားခဲ့သည်။ ယခုအခါ အဆိုပါ အဆောက်အအုံမျက်နှာစာတွင် ကုန်းဘောင်ခေတ်ရာမဇာတ်တော် သဲကျောက်ထွင်း ရုပ်ကြွပြတိုက်ဟု ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါဟု နှိုးဆော်ထားသည့် ဆိုင်းဘုတ်တစ်ခုကိုလည်း ချိတ်ဆွဲထားသည်။

(ဆက်လက်ဖော်ပြပါမည်)

**ဖခင်အမည်မှန်**
နေပြည်တော်၊ သပြေကုန်း အမှတ် ၃ ထ(ခွဲ) အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ပိုင်ဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၈/မကန(နိုင်)၂၃၇၈၈၈ ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

**ဖခင်အမည်မှန်**
နေပြည်တော်၊ သပြေကုန်း အမှတ် ၃ ထ(ခွဲ) အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်သန့်ဇင်အောင်နှင့် ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မောင်စည်သူမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဟိန်း ၁၂/တမန(နိုင်)၀၂၅၆၃၀ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်ဟိန်း**

**မော်တော်ကားခါတ်ပုံ ပျောက်ဆုံးခြင်း**
ဒေါ်ငွေရည် ၁၂/သခန(နိုင်)၀၀၈၃၅၅ ပိုင်ဆိုင်သော မော်တော်ယာဉ်၏ အကောက်ခွန် ID No.834408(2-2-2015) ရက်စွဲပါ ဆိပ်ကမ်းမှ မော်တော်ယာဉ်ခါတ်ပုံ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၃၀၈၅၁၂၇**

**အမည်ပြောင်း**
ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ချောင်းကောက်)တက္ကသိုလ်ဝင်တန်းမှ ဦးအုန်းကြိုင်-ဒေါ်ခင်အေးတို့၏သား မောင်မြတ်သူအား မောင်မြတ်သူထွန်းဟု ပြောင်းလဲခေါ်ယူပါရန်။ **မောင်မြတ်သူထွန်း**




**သွေးသည် အသက်**

21 AD @ BILLBOARD ADVERTISING
ရန်ကုန် (ဆူးလေဘုရားလမ်း/ ဗိုလ်ချုပ်ဈေး/မင်းဓမ္မ-ပြည်လမ်းမီးပွိုင့်/လှိုင်သာယာ BOCအဝိုင်း/ ညောင်ပင်လေးဈေး/ သမိုင်းလမ်းဆုံ/ကန်တော်ကြီးဟော်ကီကွင်း)
နေပြည်တော် (ရာဇဌာနီလမ်း နှင့် ပန်းခင်းလမ်းထောင့်မီးပွိုင့်/ နေပြည်တော် အဝင်ဝစီလမ်းဆုံ)
မော်လမြိုင် (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်)
မုံရွာ (ဗိုလ်ချုပ်အောင်ဆန်းအဝိုင်း)
တောင်ငူ (မန္တလေးလမ်းပေါ်ထီးနီကုန်းကျောင်းအနီး / မန္တလေးလမ်းပေါ်ထီးလှိုင်လမ်းမီးပွိုင့်)
ပုသိမ် (ရန်ကုန်-ပုသိမ်ကားလမ်း ရွှေရုပ်တုအဝိုင်းအနီး/မဟာဗန္ဓုလလမ်း ပုသိမ်တက္ကသိုလ်ရှေ့)
ရန်ကုန်-မန္တလေးအမြန်လမ်း (၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်နားနေစခန်း/နေပြည်တော် TOLL-GATE)
လားရှိုး (ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်း မဟာဗျူဟာလမ်းထောင့်)
မိတ္ထီလာ (ရန်ကုန်မန္တလေးလမ်းဟောင်း သိဒ္ဓိအောင်လမ်းထောင့်/ရန်ကုန်မန္တလေးလမ်းဟောင်း ရထားပို့ဆောင်ရေးရှေ့)
www.21advertising.net ကြော်ငြာများတပ်ဆင်ရန်
၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
377093 373036 09 73043672 09 73200189 09 73200201

ဝါ ရင့် ပါ မော ကွ ကြီး များ ကြီး ကြပ် စီ စဉ် သော
MOTHER'S LIGHT
ထွက်ပြီ
အဋ္ဌမတန်း GRADE-9
တိုင်းနှင့် ပြည်နယ်အားလုံး၏
၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ
အတွဲ(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်
အတွဲ(၂) သင်္ချာ၊ သမိုင်း၊ အထွေထွေသိပ္ပံ
စတုတ္ထတန်း GRADE-5
တိုင်းနှင့် ပြည်နယ်များမှ ခရိုင်များ၏
၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ
ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ မီးနင်းစာအုပ်များ ရရှိနိုင်ပါပြီ။
ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ရိုးကုန်စာအုပ်များ ရရှိနိုင်ပါပြီ။
ပြင်ဆင် ပြည့်စုံပြီး
ဖြန့်ချိရေး - ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၃၀၀၉၆၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆။ အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန
## မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ RC နှစ်ထပ် (၁၀၀×၄၀×၂၉)ပေ ဆောက်လုပ်ခြင်းနှင့် ရုံးဝင်းအတွင်း နိုင်လွန်ကတ္တရာပတ်လမ်းခင်းခြင်း (၃၇၀၅၆-စတုရန်းပေ) လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၅ ရက်၊ ၁၄း၀၀နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၄၈၄၂၊ ၀၅၇-၂၄၈၈၅၊ ၀၅၇-၂၇၄၉၁

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ ဆေးနှင့်ဆေးပစ္စည်းများ
၂။ ဓာတ်ခွဲခန်းသုံးဆေးရည်များ
၃။ ဓာတ်မှန်ခန်းသုံးပစ္စည်းများ

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀ နာရီထိ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**မြောက်ဥက္ကလာပဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
# ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိထားသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းသမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်းအဖွဲ့တို့သည်လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၊ (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန် လိုအပ်ပါသည်။

၃။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၄။ **ပေးပို့ရမည့်နောက်ဆုံးရက်**
၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက် (အင်္ဂါနေ့)

၅။ **ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက် ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၆။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၇။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (ရန်ကုန်/မန္တလေး)တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ် ၃စီး၊ (ခ) မီးသတ်ရေသယ်ယာဉ် ၂စီး၊ (ဂ) Extra Cab ၃စီး (Model 2013 ခုနှစ်အထက်)၊ (ဃ) မီးသတ်ရေယာဉ် ၁စီး၊ (င) ရှာဖွေကယ်ဆယ်ရေးလှေ ၁စင်း၊ (စ) Cylinder Air Filling Machine ၁လုံး၊ (ဆ) High Pressure Water Mist with Engine ၁လုံး၊ (ဇ) Infrared Thermometer ၉လုံး၊ (ဈ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာ ၁၀ မျိုး၊ (ည) ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာ (၈)မျိုး၊ (ဋ) မီးစက် 25 KVA ၁လုံး။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၃-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၇၀-၂၂၅၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | အသုံးတူပစ္စည်း | - | (၁၂) မျိုး |
| (ခ) | ကျောင်းသုံးပစ္စည်း | - | (၈) မျိုး |
| (ဂ) | အဓိကအားကစားပစ္စည်း | - | (၁၂) မျိုး |
| (ဃ) | အားကစားနည်း (၁၀)နည်းအတွက် အထောက်အကူပြုပစ္စည်းများ | | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၊ နယ်မြေ(၁)၊ အမှတ်(၁)ရပ်ကွက်၊ အေးသာယာမြို့ ဖုန်း-၀၈၁-၂၀၈၅၇၃၊ ၀၈၁-၂၀၈၅၇၄၊ ၀၉-၄၂၁၁၃၃၀၁၆သို့ ၁-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
# (အိတ်ဖွင့်တင်ဒါပြန်လည်ပြင်ဆင်ထပ်တိုးခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်မှ ၁၈-၅-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းအမျိုးအစားအလိုက် Lot No 1 မှ 23 ထိ တင်ဒါပုံစံများအား ၂၂-၅-၂၀၁၅ရက်မှ ၂၈-၅-၂၀၁၅ရက်ထိ ရောင်းချခဲ့ပါသည်။

၂။ အဆိုပါ Lot No များအနက် Lot No (6) မှ ဒိုက်ဦး လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း (၃၂'×၅၄') RC(၂)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်းအစား ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအား ပြောင်းလဲဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် အောက်ပါ ထပ်တိုးဖြည့်စွက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မန္တလေးအလုပ်သမားဆေးရုံကြီး လူနာဆောင်များ အမိုးလဲလှယ်ခြင်းလုပ်ငန်း
(ခ) မန္တလေးအလုပ်သမားဆေးရုံကြီး ဓာတ်လှေကားအကြီးစားပြုပြင်ခြင်းလုပ်ငန်း
(ဂ) ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး(ဘားလမ်း) ဓာတ်လှေကားပြင်ဆင်ခြင်းလုပ်ငန်း

၃။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၃-၆-၂၀၁၅ ရက်မှ ၉-၆-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၉-၆-၂၀၁၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါဖွင့်မည့်ရက်** - ၂၆-၆-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊
## တိုင်းအမှတ် (၁၁)ပုဂံနယ်
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၀၆/တ-၁၁/မန္တလေး | ပုဂံ-ကျောက်ပန်းတောင်းလမ်းပိုင်း၊ တောင်ပြိုမြေနေရာများတွင် မြေထိန်း၊ ရေထိန်းနံရံ Drop Wall တည်ဆောက်ခြင်း (ပေ ၂၀၀) |
| ၂ | ၀၇/တ-၁၁/မန္တလေး | ငွေးချို-ကြီးနီကြား၊မိုင်(၃၈၀/၀-၁)တွင် 4'-0" Span Slab တံတားတည်ဆောက်ခြင်း |
| ၃ | ၀၈-တ-၁၁/မန္တလေး | ပုဂံ-မြင်းခြံလမ်းပိုင်း၊ ဖက်တန်း-ကျောဇီကြား၊ တံတား(၆၁)တွင် (ပေ ၁၀၀)အရှည် RC Retaining Wall တည်ဆောက်ခြင်း |

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၁၁) ပုဂံရုံး

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များအား ၁-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်းအမှတ်(၁၁) ပုဂံရုံးတွင် လာရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်းအမှတ် (၁၁)ပုဂံရုံး**
**ဖုန်း-၀၉-၆၈၀၈၂၀၁၊ ၀၉-၆၅၀၂၈၉၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ(၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၅-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ် (၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂ နှင့် ၀၆၇-၄၀၉၃၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၇-၂၀၁၅ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၅၀၂၅၈၃**

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
# ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၄ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၅ခုနှစ် မတ်လ ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့်အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ကုမ္ပဏီ၊အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင်ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၄ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊
(ဂ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။** လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်။** ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံး(အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး Website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)ကုမ္ပဏီများဆိုင်ရာအခွန်ရုံး(အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(ရန်ကုန်)၊ အမှတ် ၅၉/၆၁ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### မြန်မာ့မီးရထား၊ သာစည်-ရွှေညောင်လမ်းပိုင်းအတွက် (၁"×၁၁/၂")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ (၁"×၁၁/၂")အရွယ် (စက်ခွဲ)လမ်းခင်းကျောက်များကို မြန်မာကျပ်ငွေဖြင့် အောက်ပါဘူတာတွင် တွဲပေါ်အရောက် ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အရွယ်အစား | ပေးပို့ရမည့်တည်နေရာနှင့် ကျောက်ကျင်း |
|---|---|---|
| ၁ | ၁"×၁၁/၂" (စက်ခွဲ)လမ်းခင်းကျောက် | ဘုရားငါးဆူဘူတာ -၅၀၀ ကျင်း တွဲပေါ်အရောက် |

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းရပါမည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံဝယ်ယူရမည့်နေရာ** - အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၄)ရုံး၊ မြန်မာ့မီးရထား၊ ကလော အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၃)ရုံး၊ မြန်မာ့မီးရထား၊ မန္တလေး
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၃)ရုံး၊ မြန်မာ့မီးရထား၊ မန္တလေး
(င) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** - ၂၆-၆-၂၀၁၅ ရက် ၁၀း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၂၀၀၀ိ/-နှုန်းဖြင့် ၃-၆-၂၀၁၅ရက်မှ ၁၈-၆-၂၀၁၅ရက်အထိ အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း ၄ ရုံး၊ မြန်မာ့မီးရထား၊ ကလောရုံးနှင့် အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း ၃ ရုံး၊ မြန်မာ့မီးရထား၊ မန္တလေးတို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၈၁-၅၀၃၅၂၊ ၀၂-၃၅၉၈၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်း (၂၃၉မိုင် ၀ဖာလုံ)အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၁-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၆-၂၀၁၅ရက်
**တင်ဒါဖွင့်မည့်ရက်** - ၂၂-၆-၂၀၁၅ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ပျောက်ဆုံးကြောင်း

ဒေါ်ခင်လေးဟန်(၁၂/သဃက(နိုင်) ၁၁၉၅၆၁ ၏ မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ် အမှတ် SCP 12 13 1845 (31/05/12) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ (၀၁-၃၉၈၃၀၄ ၊၂၄၁၂၆၂)

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၆) ကျွဲကူး၊ တက္ကသိုလ်ဝင်တန်း(C)မှ မဆုမြတ်နိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်နိုင်ဦး ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### ဝန်ကြီးရုံး(နေပြည်တော်)တွင် အလုပ်လျှောက်ထားလာသူများ၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနတွင် အလုပ်လျှောက်ထားလာသူများ၊ အမျိုးသားဓာတ်ခွဲခန်းတွင် အလုပ်လျှောက်ထားလာသူများ၏ အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများစာရင်းနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဝန်ကြီးရုံး(နေပြည်တော်)တွင် အလုပ်ခန့်ထားရန်အတွက် ၂၈-၂-၂၀၁၅ရက်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် စာစစ်ဌာနများ၌ အရည်အချင်းစစ်(ရေးဖြေ) စာမေးပွဲဖြေဆိုခဲ့ကြသော M.A(Eng) ဘွဲ့ရများအနက် အောင်မြင်သူ ၁၄ ဦး၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် ၁၀-၁-၂၀၁၅ရက်နှင့် ၁၁-၁-၂၀၁၅ရက်များတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်စာစစ်ဌာနများ၌ အရည်အချင်းစစ်(ရေးဖြေ) စာမေးပွဲဖြေဆိုခဲ့ကြသော Master နှင့် Bachelor ဘွဲ့ရများအနက် အောင်မြင်သူ ၂၀ ဦး၊ အမျိုးသားဓာတ်ခွဲခန်းတွင် အလုပ်ခန့်ထားရန်အတွက် ၂၄-၁-၂၀၁၅ ရက်နှင့် ၂၅-၁-၂၀၁၅ ရက်များတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် စာစစ်ဌာနများ၌ အရည်အချင်းစစ်(ရေးဖြေ)စာမေးပွဲဖြေဆိုခဲ့ကြသော Master နှင့် Bachelor ဘွဲ့ရများအနက် အောင်မြင်သူ ခြောက်ဦးတို့အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အောင်စာရင်းနှင့် လူတွေ့စစ်ဆေးမှုအစီအစဉ်အား နီးစပ်ရာကွန်ပျူတာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများတွင် ကြေညာထားပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**နေ့ရက်** - ၂၀၁၅ ခုနှစ် ဇွန် ၂၁ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီ
**လူတွေ့စစ်ဆေးမည့်နေရာ** (က) M.A(Eng) ဘွဲ့ရအောင်မြင်သူများအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဝန်ကြီးရုံး(နေပြည်တော်)
(ခ) မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနနှင့် အမျိုးသား ဓာတ်ခွဲခန်းတွင် ရေးဖြေအောင်မြင်သူများနှင့် အလုပ်လျှောက်ထားလာသော A.G.T.I၊ ဒီပလိုမာ လက်မှတ်ရများအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၂။ လူတွေ့စစ်ဆေးခြင်းတွင် ရေးဖြေအောင်မြင်သူများအားလုံးနှင့် မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၌ အလုပ်လျှောက်ထားလာသော A.G.T.I ၊ ဒီပလိုမာလက်မှတ်ရရှိသူ ၁၃၉ ဦး၊ အမျိုးသားဓာတ်ခွဲခန်းတွင် အလုပ်လျှောက်ထားလာသော A.G.T.I ဒီပလိုမာလက်မှတ်ရရှိသူ ၁၄ ဦးတို့ ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့ဖြေဆိုမည့်သူများသည် သက်ဆိုင်ရာလူတွေ့စစ်ဆေးမည့်ဌာနများသို့ ၂၁-၆-၂၀၁၅ ရက် နံနက် ၈း၀၀ နာရီ အရောက်သတင်းပို့ကြပါရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဖုန်း-၀၁-၆၆၄၈၀၉၊ ၀၁-၆၆၇၃၇၂ နှင့် ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 40,60,80 Hp Engine Spare Parts | 1 Lot |
| (ခ) | လောင်းလိုင်းသုံးပစ္စည်း | ၆ မျိုး |
| (ဂ) | လုပ်ငန်းသုံးပစ္စည်းများ | 1 Lot |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂-၇-၂၀၁၅ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၉-၆-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာ(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်(နိုင်ငံခြားစာစစ်)၊ မော်လမြိုင်၊ ဒဂုံ၊ ပုသိမ်၊ စစ်တွေ၊ တောင်ငူ၊ ပြည်၊ ထားဝယ်၊ ရန်ကုန်အရှေ့ပိုင်း၊ ရန်ကုန်အနောက်ပိုင်း၊ ဟင်္သာတ၊ မအူပင်၊ ဘားအံ၊ မြိတ်၊ ပဲခူးဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁၁/၂)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် မှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲ၍ ၂၈-၈-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး သက်ဆိုင်ရာဌာနခွဲသို့ ပေးသွင်းရန်ရှိသော ငွေကြေးများပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် အဝေးသင်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာအဝေးသင်ဌာနခွဲသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏အမည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်သော်လည်း မိမိတို့နှင့်သက်ဆိုင်သည့် အဝေးသင်ဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဘွဲ့ဆိုင်ရာ ကျသင့်ငွေ ပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၄ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ရည်မွန်)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## ရန်ကုန်တိုင်းဒေသကြီး
## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှ ဘက်စုံမွေးမြူရေးစခန်း ရွာသာကြီး၊ ပျဉ်းမပင် နွားမွေးမြူရေးခြံ၊ ငါးဆူတောင် ဘဲမွေးမြူရေးခြံအမှတ် (၁)နှင့်(၂)၊ ရွာသာကြီး ဘဲမွေးမြူရေးခြံယူနစ်(၃) ဘုရားကြီး ကြက်မွေးမြူရေးခြံများရှိ ဟောင်းနွမ်းပျက်စီး၍ ပြုပြင်သုံးစွဲရန်မသင့်သည့် ရုံးသုံးပစ္စည်းနှင့်ပရိဘောဂများ၊ အဆောက်အအုံဟောင်းများအား ဈေးပြိုင်လေလံဖြင့် ဒေသတွင်းရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်နှင့်ပုံစံကို ၂၈-၅-၂၀၁၅ ရက်မှစ၍ ရယူနိုင်မည်ဖြစ်ပြီး ၈-၆-၂၀၁၅ ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့်ရောင်းချမည့် ရုံးသုံးပစ္စည်းနှင့် ပရိဘောဂများ၊ အဆောက်အအုံဟောင်းများအား ဆက်သွယ်ပြီး သွားရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၆၄၀၂၄၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မိုးဦး(ခ)ရမ်ဇမ်အာလီ (KMW-144186) Psno (မှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၇၂၁၀၅၇**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၀၇၁၂၊ Honda Click 125၊ အမျိုးအစား MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသက်ခိုင် ၉/ခအဇ(နိုင်)၀၅၃၇၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Shwe Ginga Co.,Ltd. မှ မော်တော်ယာဉ်သွင်းကုန်လိုင်စင် ILV 15-16 0251 သည် ၆-၅-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၅၁၇၈၀၃၆၊ ၀၉-၄၂၁၁၅၆၈၃၆**

### ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း
## လျှောက်ထားခြင်း

ယာဉ်အမှတ် 8G-1948 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ပါမစ်/လိုင်စင်မူလအမည်ပေါက် | မြေငှားစာချုပ်လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၂၉၄ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၂ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၂၉၅ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၃ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၂၉၆ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၄ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၃၀၁ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၅ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၃၀၂ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၆ | သန်လျင် | အောင်ချမ်းသာမြို့ကွက်သစ် | ၃၀၃ | ဦးသန့်ဇင်(ခ)ကျန်ငူ | ဦးကျော်စိုး | ၇/မခန(နိုင်)၀၁၀၃၈၇ | ဂရန်သစ် |
| ၇ | လှိုင်သာယာ | ၃/၄ | ၁၃၀၆ | ဦးဟုတ်ချွမ်း(ခ)ဟုတ်စွမ် | ဦးကျော်လွင် | ၁၀/မလမ(နိုင်)၀၂၃၁၀၁ | ဂရန်သစ် |
| ၈ | သာကေတ | ၁၀ | ၁၇၈၊ ၁၇၉၊ ၁၈၀/ခ | ဒေါ်ယုဇနအောင်(ခ)ယုဇန | ဒေါက်တာခက်နိုင်+၁ | ၁၂/သဃက(နိုင်)၁၄၈၁၀၅ | ဂရန်သစ် |
| ၉ | မင်္ဂလာဒုံ | ရန်ကုန်စက်မှုဇုန် တိုးချဲ့-၁ | ၁/၁ | ဒေါ်ဂျင်ဗျင်(ခ)ဒေါ်ခင်ထွေးလှ | ဒေါ်တင်တင်ဝင်း+၁ | ၉/မရမ(နိုင်)၀၅၇၄၀၈ | ဂရန်သစ် |
| ၁၀ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၇/၃ | ၇၃ | ဒေါ်ခင်ဌေးရည် | ဦးစိုင်းစိုင်း+၁ | ၁၂/ကတတ(နိုင်)၀၁၉၃၂၈ | ဂရန်သစ် |
| ၁၁ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၆၆ | A ၇၀ | ဦးစိန်သစ် | ဦးစိုးကျော် | ၁၂/လသန(နိုင်)၀၀၆၅၄၃ | ဂရန်သစ် |
| ၁၂ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၆၆ | A ၇၃ | ဦးစိန်သစ် | ဦးစိုးကျော် | ၁၂/လသန(နိုင်)၀၀၆၅၄၃ | ဂရန်သစ် |
| ၁၃ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၆၆ | A ၇၈ | ဦးသန်းမြင့် | ဦးလှအောင် | ၁၂/မဂတ(နိုင်)၀၈၁၇၃၈ | ဂရန်သစ် |
| ၁၄ | သာကေတ | ၇ | ၁၇ A ၁၊ ၂၊ ၃၊ ၄ | ဦးရွှေကြိုင် | ဒေါ်မာလာဝင်း | ၁၂/သဃက(နိုင်)၀၄၂၅၃၈ | ဂရန်သစ် |
| ၁၅ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂၇/၅ | ၆၉ | ဦးဘုန်းမြင့်ရွှေ | ဒေါ်သန်းနွဲ့ | ၁၂/ကတတ(နိုင်)၀၀၂၇၂၉ | ဂရန်သစ် |

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ထားဝယ်အသင်း ဂုဏ်ထူးဆောင်နာယက ပါမောက္ခဒေါက်တာ အောင်ထွန်းသက်အား ရန်ကုန်စီးပွားရေးတက္ကသိုလ် အထူးဘွဲ့နှင်းသဘင် အခမ်းအနားတွင်ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa)ကို ချီးမြှင့်ခံရသည့်အတွက် ထားဝယ်အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များမှ လိုက်လှဲစွာအထူး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း····

**ထားဝယ်အသင်း**

## (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ဆုတောင်းလွှာ

၂-၆-၂၀၁၅ ရက်တွင် ကျရောက်သည့် ဖေဖေ **ဦးအောင်နိုင်ဦး**နှင့် မေမေ **ဒေါ်ဥမ္မာစိုးအောင်**တို့၏ မင်္ဂလာငွေရတုနေ့မြတ်၌ မိသားစုအတွက် အမြဲကာကွယ်ပေးသော မိသားစုကို အမြဲလမ်းညွှန်ပေးသော မိသားစုအပေါ် ချစ်မေတ္တာနှင့် နွေးထွေးမှုပေးသော ကျေးဇူးရှင် ချစ်ဖေဖေနှင့် မိသားစုအတွက် အားကိုးရာဖြစ်သော မိသားစုကို အမြဲစောင့်ရှောက်ပေးသော မိသားစုအပေါ် ခွန်အားနှင့် သစ္စာပေးသော ကျေးဇူးရှင် ချစ်မေမေတို့၏ အနာဂတ်ခရီးလမ်း ယခုထက်ပိုမိုသာယာကြည်နူးဖွယ် ဖြစ်ပါစေကြောင်း၊ ကျန်းမာပျော်ရွှင်စွာဖြင့် ချစ်ခြင်းမေတ္တာအပြည့် လွှမ်းခြုံလျက် ချစ်သောသမီးများနှင့်အတူ ဘဝခရီးရှည်ကို ဘုရားသခင်၏ အလိုတော်နှင့်အညီ အောင်မြင်စွာဖြတ်ကျော်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဖေဖေနှင့်မေမေ ငွေရတုမင်္ဂလာမှသည် ချစ်သက်နှစ် ၁၂၀ တိုင် ဘုရားရှင် ကောင်းချီးပေးပါစေ။

**ချစ်သမီးကြီး - ဥမ္မာအောင်နိုင်ဦး(တူးတူး)**
**ချစ်သမီးငယ် - ဇီဇဝါအောင်နိုင်ဦး(ဖူးဖူး)**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၈၂/၈၄နေ ဦးသူရိန်လင်း ၁၂/တမန(နိုင်)၁၁၇၇၈၆နှင့် ဒေါ်ခိုင်ဇာထွန်း ၁၂/မဂတ(နိုင်)၀၉၃၃၂၉ [ဦးကျော်ဝင်း ၁၂/ပဘတ(နိုင်)၀၁၈၂၄၂ နှင့် ဦးထွန်းထွန်းဝင်း ၁၂/ပဘတ(နိုင်)၀၂၀၅၆၇တို့၏ အထွေထွေကိုယ်စားလှယ်ခန့်စာ ရရှိထားသူများ] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

(၁) အမှတ် ၃၁၄၊ မြေညီထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (၂)အမှတ် ၂၉၁/၂၉၅၊ မြေညီ(မျက်နှာစာ)ထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊(၃)အမှတ် ၂၂၇၊ တတိယလွှာ၊ ဝဲ/ယာ နှစ်ခန်းအနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (၄)အမှတ် ၂၀၆/၂၀၈ မြေကွက်၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၆၇/အေ၊ ခုနစ်လွှာ(ယာ)၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ အမှတ် ၃၁၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၈၈၊ စတုတ္ထထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်ဟုခေါ်တွင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေသေတ္တာနှင့် ဘဏ်များရှိငွေများ (ရွှေ၊ငွေများ)အားလုံးတို့သည် ကွန်လွန်သွားကြပြီး ဖြစ်သော အစ္စလာမ်ဘာသာဝင် ဦးမြသင်၊ ဒေါ်ခင်ခင်မြင့်တို့ ကျန်ရစ်ပစ္စည်းများဖြစ်ကာ ၄င်းတို့၏ သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်ဝင်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မိညို၊ ဦးနေဝင်း၊ ဒေါ်လှလှဝင်း၊ ဒေါ်သန်းသန်းဌေး၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ခင်စန်းဝင်း ၁၀ ဦးတို့မှ အစ္စလာမ် ထုံးတမ်းဥပဒေအရ အမွေဆက်ခံသည့်ပစ္စည်းများဖြစ်သောကြောင့် အမွေဆိုင်အားလုံးတို့၏ သဘောတူညီမှု အတိအလင်းမရရှိဘဲ တစ်ဦးဦးက ရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ စီမံခြင်း၊ ဖွင့်လှစ်ခြင်း၊ မိမိပိုင်ပစ္စည်းအဖြစ် ပြောင်းလဲခြင်းတို့ကို မည်သူကမျှ ပြုလုပ်နိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစံမြင့် B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၄၂)**

**အိမ် -**
**အမှတ် ၃၂၊ သီရိမာလာလမ်း၊**
**ခ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၆၅၂၉၂**

**ရုံး-**
**အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၁၅၀၅၀၊ ၀၉-၄၂၁၀၃၄၄၈**

## အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်နေ ဦးမောင်မောင် ၉/မရမ (နိုင်)၀၁၆၃၂၂ နှင့် ဒေါ်ငွေငွေအုန်း ၉/မရမ(နိုင်)၀၁၆၃၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဦးမောင်မောင်နှင့် ဒေါ်ငွေငွေအုန်းတို့သည် သားဦးရဲထွန်းမောင်မောင် ၉/မရမ(နိုင်)၀၃၄၆၉၂အား အမွေဝေစုအဖြစ် ငွေကျပ် ၂၅၀၀၀၀၀၀ိ/-(ကျပ်သိန်း နှစ်ထောင့်ငါးရာတိတိ)ကို ၂၈-၃-၂၀၁၅ ရက်က ဝန်ခံကတိစာချုပ်ချုပ်၍ အပြီးအပြတ် ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ဦးရဲထွန်းမောင်မောင်သည် မိမိရသင့်ရထိုက်သော အမွေဝေစုကို အပြီးအပြတ်လက်ရောက်ရယူခဲ့ပြီး ဖြစ်သောကြောင့် နောက်နောင်တွင် မိဘများထံတွင်လည်းကောင်း၊ အမွေဆိုင်တစ်ဦးတစ်ယောက်ထံတွင်သော်လည်းကောင်း၊ မိမိအနေဖြင့် အမွေဝေစုရရန် ကျန်ရှိပါသေးသည်ဟုပြောဆိုခြင်း၊ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ တရားစွဲဆိုခြင်း၊ မိဘများထံ မည်သည့်အခွင့်အရေး တစ်စုံတစ်ရာမျှ တောင်းဆိုနိုင်ခြင်းမရှိကြောင်းနှင့် ဦးရဲထွန်းမောင်မောင်နှင့်ပတ်သက်၍လည်း မိဘများ အနေဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

**ဒေါ်အေးမွန်တင်သိန်းLL.M ဒေါ်သူဇာအောင်LL.B ဒေါ်နှင်းဖြူအောင် LL.M ဒေါ်နီလာ LL.M**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ဖြိုးစန္ဒီသိန်း LL.B ဒေါ်ကေသွယ်တင်သိန်း LL.M ဒေါ်ပွင့်ဖြူဆက်နိုင် LL.B ဒေါ်သီတာအောင် LL.B ဒေါ်ဖြိုးဝေလှိုင် LL.B ဒေါ်ငွေစုသွင် LL.B**

**အထက်တန်းရှေ့နေများ**

**ရုံးခန်း- အမှတ်(၂၈/ခ)၊ ၃၂လမ်း၊ ၆၈×၆၉လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၁၀၁၂၀၀၄၊ ၀၉-၂၅၉၀၈၁၁၀၂၊ ၀၉-၂၀၁၅၉၉၂၊ ၀၉-၂၀၁၉၆၁၃၊ ၀၉-၄၄၄၀၃၃၇၄၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်/ဝယ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်/ကုမ္ပဏီ များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ရေသွယ်ခြင်းနှင့်ရေသန့်ပြုလုပ်ခြင်း (လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်း) | |
| ၂။ | လျှပ်စစ်မီးသွယ်တန်းခြင်း (လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်း) | |
| ၃။ | ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၃၆)မျိုးဝယ်ယူခြင်း | |
| ၄။ | (၅၀×၃၀×၁၂)ပေ သွပ်မိုး၊ အုတ်မိုး၊ အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်းဆောက်လုပ်ခြင်း၊ | ၁ လုံး |
| ၅။ | (၁၆×၁၂×၈)ပေ၊ အုတ်ရေကန်ဆောက်လုပ်ခြင်း | ၃ လုံး |
| ၆။ | (၁၂×၁၀×၈)ပေ၊ အုတ်ရေကန်ဆောက်လုပ်ခြင်း | ၁ လုံး |
| ၇။ | ဘက်ထရီ (၁၅၀၀W)GS ဝယ်ယူခြင်း | ၄ လုံး |
| ၈။ | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ၉ စုံ |
| ၉။ | လက်တွန်းထွန်စက် (Gona Dong 18 HP) | ၄ စီး |
| ၁၀။ | မော်တော်ဆိုင်ကယ် (Kenbo R-125) | ၁၄ စီး |
| ၁၁။ | ပရိဘောဂများ၊ ဗီရို(၁၀)လုံး၊ စားပွဲ(၂၀)လုံး၊ကုလားထိုင်(၆၀)လုံး၊ဖိုင်စင်(၆)ခု | |

**တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၆-၂၀၁၅ ရက်
**တင်ဒါတင်သွင်းမည့်နေရာ** ပြည်နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၂၆၊ ၀၉-၂၄၅၀၄၇၄ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၇)၊ ဦးပိုင် အမှတ် (၂+၁၃)မြေကွက်များသည် ဦးကြည်မြင့် အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ ဦးကြည်မြင့်သည် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် လွန်ခဲ့သော (၁၅)နှစ်ခန့်က ကွယ် လွန်ခဲ့ပါသည်။ ဦးကြည်မြင့်တွင် မောင်နှမအရင်းအချာဟူ၍ အစ်ကိုကြီးဦးတင်မြင့် တစ်ဦး တည်းသာရှိပါသည်။ ဦးတင်မြင့်သည် ဒေါ်ခင်စန်းနှင့်အိမ်ထောင်ကျပြီး သမီးသုံးဦး မွေးဖွား ခဲ့ပါသည်။ ယခုအခါ ဦးကြည်မြင့်နှင့် ၄င်း၏အစ်ကို ဦးတင်မြင့်(ဇနီး)ဒေါ်ခင်စန်းတို့ အသီးသီးကွယ်လွန် သွားပြီးဖြစ်၍ အဆိုပါ ဂရန်မြေကွက်များနှင့် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုး ခံစားခွင့်အားလုံးတို့ကို ၁။ ဒေါ်ခင်မာဦး ၉/ခမဇ(နိုင်)၀၀၂၉၅၂၊ ၂။ ဒေါ်မိုးမိုးခိုင် ၉/ခအဇ(နိုင်)၀၁၈၅၈၅၊ ၃။ ဒေါ်ငြိမ်းငြိမ်းမန်း ၉/ခအဇ(နိုင်)၀၁၈၅၈၆တို့မှ လက်ရှိပူးတွဲ အမွေဆက်ခံပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြု၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး ရောင်းချလိုကြောင်း စကားကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**အောင်ကျော်ဌေး၏လွှဲအပ်ချက်အရ-**

**ဒေါ်ချောချောယဉ် (LL.B)၊ ဒေါ်ညွန့်စိန် (LL.B)၊ ဒေါ်အိအိခိုင် (LL.B)၊**
**(စဉ်-၇၀၃၂) (စဉ်-၈၉၅၉) (စဉ်-၁၀၃၁၃)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ဖြိုးဖြိုးအေး (LL.B)၊ ဒေါ်နန်းဆိုင်ပွဲ (LL.B)**
**(စဉ်-၄၀၈၃၇) (စဉ်-၄၄၆၃၂)**

**အထက်တန်းရှေ့နေများ**

**ရုံးခန်း (င-၆/၁၂၀)၊ ၆၄လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊**
**မြို့သစ် (၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၃၃၁၄၊ ၀၉-၉၁၀၂၇၃၀၉၊**
**၀၉-၄၇၁၁၀၀၂၃၊ ၀၉-၄၃၁၅၅၀၈၉၊ ၀၉-၄၃၀၁၁၉၁၆**

## ဦးမြင့်သူ ၁၄/မအပ(နိုင်)၁၄၆၇၈၉ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

